


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ကြီး
အမရပူရမြို့၌ဟောကြားတော်မူသောတရားတော်

# ကိုယ့်အပါယ်တံခါးကို ရဲရဲတင်းတင်းပိတ်ပါ

ဟောကြားသည့်နေ့ ၁၄ - ၁၀ - ၆၂

# အပါယ်တံခါးပိတ်နည်း

၁၃၀

ကာယာနုပဿနာ

ဟောကြားသည့်နေ့ ၁၀ - ၁၂ - ၅၈

0174

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၌ဟောကြားတော်မူသောတရားတော်

# ကိုယ့်အပါယ်တံခါးကို

# ရဲရဲတင်းတင်းပိတ်ပါ

## (ကာယာနုပဿနာ)

THITSARPARAMI LIBRARY
Date (၁၄-၁၀-၆၂)

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ဟောကြားသောတရားတော်

# ကိုယ့်အပါယ်တံခါးကို ရဲရဲတင်းတင်းပိတ်ပါ

## (ကာယာနုပဿနာ)

(၁၄-၁၀-၆၂)

တရားနှလုံးသွင်းကြ၊ ဦးတင်တို့ ဦးသန်းမောင်တို့ မှတ်စရာက ခန္ဓာကိုယ်ကြီးကို ငါလို့ထင်နေတဲ့ အလုံးတစ်လုံး ပြုတ်ဖို့ အရေးကြီးတယ်။

ငါ့ဥစ္စာလို့ ပရိဘောဂတွေ အသုံးအဆောင်တွေ ငါ့ဥစ္စာလို့ ထင်နေတဲ့ တစ်လုံး ဒီနှစ်လုံးဟာတော့ ပစ္စည်းရှိငြားသော်လည်း ခန္ဓာရှိငြားသော်လည်း နာမ်ရုပ် ပြုတ်ရမယ်။ ဒါလေးအသေအချာမှတ်ပါ. . . (မှန်ပါ့)။

## ဘာပြုလို့အရေးတကြီးပြောရပါလိမ့်

ဘာပြုလို့ ဆရာဘုန်းကြီးက ဒီဥစ္စာကိုး အရေး တကြီး ပြောရပါလိမ့်မလဲလို့ ဒကာ ဒကာမတွေက မေးလို့ ရှိရင် ဒီပြင် ဒါနသီလတွေ ဘယ်လိုပင် ကောင်းကောင်း သူမပြုတ်သေးလို့ရှိရင်၊ ဒါနသီလတို့၏ အကျိုးပေးအဆုံးဟာ သူကဆွဲပြီး အပါယ်လေးပါး ချတတ်သည်။

ဒါကြောင့် ငါပြုတ်ဖို့ ခန္ဓာငါးပါးကို ငါထင်နေတာ ပြုတ်ဖို့ ခန္ဓာငါးပါးမှ တစ်ပါးသော ဝတ္ထုပစ္စည်းတွေကို ငါ့ဥစ္စာလို့ ထင်နေတာ ပြုတ်ဖို့ အရေးဟာ ဦးခေါင်းမီးလောင်တာ မြန်မြန် ငြိမ်းသည်ထက် အရေးကြီးရမယ်။

ရင်ဝ သူများက လှံနဲ့ထိုးလိုက်တာ မြန်မြန် ရှောင်ရှားသလို ငါ၊ ငါ့ဥစ္စာ ထင်မှုနှစ်ခုကိုဖြင့် ဘုရားက ရှောင်ရှားပါလို့ဆိုတာဟာ သေသေချာချာ ဟောတယ်နော်. . . (မှန်ပါ့)။

အရေးတကြီးနဲ့ အသေအချာမှတ်ပါ။ ဦးသန်းမောင်၊ အသေအချာ မှတ်နော်. . . (မှန်ပါ့)။

ငါ ထင်တာက ခန္ဓာငါးပါး၊ ငါ့ဥစ္စာ ထင်တာက တခြားသော ပစ္စည်းတွေပေါ့ ခြံ၊ အသုံးအဆောင်၊ တိုက်တာ၊ အိမ်၊ မြေ၊ ကား၊ ပရိဘောဂ အသေးအငယ်တွေ ဒါတွေ ငါ့ဥစ္စာထင်နေလို့ရှိလို့ရှိရင်လည်း၊ လှူဒါန်းပေးကမ်းတဲ့ ဒါန၊ ဆောက်တည်တဲ့ သီလတွေကြောင့် နတ်ရွာသုဂတိသို့ ရောက်ပါတယ်။

ဒီ သက္ကာယဒိဋ္ဌိက ဒါတွေ ကုန်တဲ့အခါမှာ အပါယ် လေးပါး ဆွဲချလိုက်တယ်ဆိုတော့ ဦးတင်ကောင်းသေးရဲ့လား (မကောင်းပါဘူးဘုရား)။

## ဆရာဘုန်းကြီးက ဒါတွေအရေးကြီးသတဲ့

ဒါကြောင့် ဦးသန်းမောင်တို့ ဒီမှာ ဆရာသမားနဲ့ ကြုံတယ်။ ဒီနှစ်လုံးဟာ ဆရာဘုန်းကြီးက အရေးကြီးသတဲ့၊ ခန္ဓာငါးပါးဟာ ကိုယ့်ခန္ဓာငါးပါး ငါထင်နေတဲ့အလုပ်၊ ပစ္စည်းတွေ ငါ့ဥစ္စာထင်နေတဲ့အလုပ်၊ တကယ် ထင်နေတဲ့ အလုပ် ဆိုတာပါ။

အပြောတွေ ပြောတာမဆိုလိုပါဘူး၊ ရှုလိုက်တဲ့အခါ ပြုတ်သွားဖို့ပဲ အရေးကြီးပါတယ်၊ မရှုတဲ့အခါ ထင်နေတာက တော့ မရှုတဲ့အခါ ပြောမြဲဆိုမြဲအတိုင်း ပြောနေတာကတော့ အပြစ်မရှိပါဘူး။

ရှုတဲ့အခါမှာဖြင့် ဩော်. . . ငါမဟုတ်ပါလား၊ ငါ့ ဥစ္စာမဟုတ်ပါလားဆိုတာကိုဖြင့် အားလုံး ဒကာ ဒကာမတို့ လေးလေးစားစားနဲ့ သတိပေးလိုက်တယ်. . . (မှန်ပါ့)။

မစွဲပါနဲ့ စွဲလို့ရှိရင် သက္ကာယ ဒိဋ္ဌိလို့ ဖြစ်ပါတယ် နော်. . . (မှန်ပါ့) စွဲရင် ဘာဒိဋ္ဌိဖြစ်တုံး. . . (သက္ကာယဒိဋ္ဌိ ဖြစ်ပါတယ်ဘုရား) သက္ကာယဒိဋ္ဌိ ဖြစ်တယ်ဆိုတာ ခု- ဒကာ

ရင်း၊ ဆရာရင်းတွေ၊ အရေးတကြီး ဆရာဘုန်းကြီးက ပြော လာတော့၊ အခါခါ အရေးကြီးဆုံးထက် အပါယ်ငရဲ ရေသောက်မြစ်ဟာ ငါ၊ ငါ့ဥစ္စာဆိုတဲ့ စာလိုသုံးတော့ အတ္တနဲ့ အတ္တနိယ။

ဒီနှစ်ခုဟာ အရေးကြီးသတဲ့ ဆိုတဲ့ ဥစ္စာတော့ ဦးအောင်ဇံဝေတို့ မှတ်ထားရလိမ့်မယ်. . . (မှန်ပါ့) မှတ်ထားရမယ်။

## အပါယ်ရေသောက်မြစ်ဖြတ်ပေးတဲ့နေ့

ဒီနေ့ သီတင်းနေ့၊ နေ့ထူးနေ့မြတ်ကြီးကို ဦးသန်းမောင်တို့ ဦးတင်တို့ ဆရာဘုန်းကြီးက အပါယ် ရေသောက်မြစ် ဖြတ်ပေးတဲ့နေ့ပဲ ဟော့. . . (မှန်ပါ့) အပါယ် ရေသောက်မြစ် ဖြတ်ပေးတဲ့နေ့ပဲဟော့ဆိုတဲ့ဥစ္စာ ဆုံးဖြတ်ချက် ချပါနော်. . . (မှန်ပါ့)။

အပါယ် ရေသောက်မြစ် ဖြတ်ပေးတဲ့နေ့၊ နို့မဟုတ် လို့ရှိရင် လူက လူ့ပြည်မှာ နေတယ် (မှန်ပါ့) ဒါနသီလ တန်ခိုးကြောင့်၊ ဂဇက်ထွက်နေတာက လူ့ပြည်မှာနေရင်း ဂဇက်ထွက်နေတာက အပါယ်ဂဇက်ထွက်နေတယ်. . . (မှန်ပါ့)။

လူကတော့ လူ့ပြည်. . . (မှန်ပါ့) ဂဇက်ထွက်တာကတော့ အပါယ်သွားစေ၊ သေသည့်အခြားမဲ့၌ အပါယ်သွားစေဆိုတဲ့ ဂဇက်က ထွက်နေတယ် ရှင်းကြလား. . . (ရှင်းပါတယ်ဘုရား)။

ဒါဖြင့် ဒီဂဇက်တွေကို ငါ၊ ငါ့ဥစ္စာနှစ်ခုကို ဉာဏ်နဲ့ဖြုတ်လိုက်လို့ရှိရင် ဒီဂဇက်ထွက်ပြီး သားတောင်မှ ကျုပ်တို့ဂဇက်ပြန်သိမ်းပြီးသကာလ မရောက်နိုင်တော့ဘူးဆိုတဲ့ဥစ္စာ သေသေချာချာ မှတ်ပါ. . . (မှန်ပါ့)။

ဒါဖြင့် ဘာဖြုတ်ရမယ်ဦးတင်. . . (သက္ကာယဒိဋ္ဌိဖြုတ်ရမှာပါဘုရား) မြန်မာလို ပြန်လိုက်စမ်း. . . (ငါ, ငါ့ဥစ္စာပါဘုရား)။

အဲ. . . ဦးသန်းမောင်ဘာတဲ့. . . (ငါ၊ ငါ့ဥစ္စာပါဘုရား)။ ငါ၊ ငါ့ဥစ္စာ။ ငါက ခန္ဓာငါးပါး၊ ငါ့ဥစ္စာက ဒီလိုပစ္စည်းတွေ ငါ့ဥစ္စာ. . . (မှန်ပါ့)။

ငါက တခြားနော် ငါက ခန္ဓာငါးပါးအပေါ် စွဲတာရုပ်ကို ငါထင်တာ၊ ဝေဒနာကို ငါထင်တာ၊ မှတ်ထားတာလေး မှတ်တဲ့ သညာလေး ငါမှတ်ထားတာ ဒီလို သညာလေး ငါထင်နေတာ။

ငါယုံကြည်ထားတာ၊ သင်္ခါလေး ငါထင်နေတယ်. . (မှန်ပါ့) ငါသိထားတာ စိတ်ကို ငါထင်နေတယ်၊ သိတဲ့စိတ်က သိတာကို ငါထင်နေတယ်။

## ကိုယ့်အပါယ်တံခါးကို ရဲရဲတင်းတင်းပိတ်ပါ

အဲဒီ ငါလေးကိုဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ယနေ့မဟုတ်ဘူးကွ ရုပ်ဟာ ရုပ်ပဲကွ၊ ငါမဟုတ်ဘူး၊ ဝေဒနာ ကောင်းတာ မကောင်းတာ သူ စားသောက်နေတာပဲကွ၊ ဝေဒနာဟာ ဝေဒနာပဲကွ၊ ငါမဟုတ်ဘူး (တင်ပ့ါ) ဦးသန်း မောင် ရဲရဲတင်းတင်းလုပ်စမ်းပါ. . . (မှန်ပ့ါ)။

ငါမဟုတ်ဘူး ရဲရဲတင်းတင်းသာ ခံ့ယူယယ်နှယ့်. . . ကိုယ့်အပါယ်တံခါး ကိုယ်ပိတ်တာ ရဲရဲတင်းတင်း ပိတ်ပေါ့ နော်. . . (မှန်ပ့ါ)။

## စိတ်မချလို့ပြောနေတာ

နောက်က ဒကာ ဒကာမတွေ ရဲရဲတင်းတင်း ပိတ်ပါ၊ ဒီဥစ္စာကို စိတ်မချလို့ ပြောနေတာ. . . (မှန်လှပါ)။

လူက လူ့ပြည်မှာ မသေသေးဘူး ဂဇက်က ငရဲသွား ဖို့ ထွက်နေတယ်. . . (မှန်ပါ)။ မပြောသင့်ဘူးလား (ပြောသင့်ပါတယ်ဘုရား)။

သူမပြုတ်လို့ သူမပြုတ်လို့. . . (တင်ပ့ါ) ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေကို အထူးတလည်ပဲ ယနေ့ နေ့ထူးနေ့မြတ် တစ်ရက်နေ့ကြီးကို ခန္ဓာငါးပါးကို ခန္ဓာငါးပါး လို့ပဲ ဦးသန်းမောင်က မှတ်လိုက်. . . ငါလို့မထင်နဲ့ (မှန်ပ့ါ)။

ပစ္စည်း ဥစ္စာ ရတနာတွေကိုလည်း၊ ဩော်. . . ပစ္စည်းဥစ္စာ ရတနာတွေသာ မှတ်လိုက်၊ ငါ့ဥစ္စာ ဟူသော အထိမ်းအမှတ်တော့ ပြောရုံသာပြောပြီး တကယ်တော့ မထင်နဲ့. . . (မှန်ပါ့)။

ဒါဖြင့် ရူပက္ခန္ဓာတွေပဲ၊ ရုပ်တရားတွေပဲ ဖောက်ပြန် ပျက်စီးတာတွေပဲလို့၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ခန္ဓာထဲ ပေါ်လာလို့ရှိရင်၊ ရုပ်ကလေးက ပူတာ၊ အေးတာ ပေါ်လာလို့ရှိရင် ဩော်. . . ရုပ်တွေပါလား၊ ဒီဥစ္စာ ဒီလိုသာ ဆုံးဖြတ်ချက်ချ. . . (မှန်ပါ့)။

## ဝေဒနာလေးပေါ်တယ်

ဝေဒနာလေးက အင်း ကောင်းတာကြိုက်တယ်ဆိုတဲ့ ဝေဒနာလေး၊ ဆိုးတာမကြိုက်ဖူးဆိုတဲ့ ဝေဒနာလေး ဒါလေး ပေါ်လာလို့ရှိရင်လည်း ဦးအောင်ဇံဝေတို့ ဒါဝေဒနာအလုပ်ပဲ၊ ဝေဒနာက သူ့အလုပ်သူ ပြောနေတာ ငါမရောပါဘူး၊ ငါသွား မရောနဲ့. . . (မှန်ပါ့)။

ဒါ ဝေဒနာအလုပ်ပဲ၊ ဒါ ဝေဒနာက္ခန္ဓာလေး၏ အကြောင်းတိုက်ဆိုင်လို့ ပေါ်နေတာပဲ၊ ဒါလောက် မှတ်ကြ စမ်းပါနော်. . . (မှန်ပါ့)။

ဒါ အရေးကြီးတယ်နော်၊ ဒါအရေးကြီးတယ်လို့

မှတ်ကြစမ်းပါ။ ကဲ. . . ခန္ဓာ ငါးပါးထဲက ဦးတင်တို့ ဦးသန်းမောင်တို့ ဘာပေါ်ပေါ် ဝေဒနာပေါ်လည်း ဝေဒနာ ပေါ်တယ်ပဲမှတ်. . . (တင်ပ့ါ) ငါမလုပ်နဲ့နော်. . . (တင်ပ့ါ)။

## သညာပေါ်တယ်

သညာပေါ်ရင်ကော. . . (သညာလို့မှတ်ရမှာပါဘုရား) သညာပေါ်တယ်ပဲ မှတ်ထားတာလေးကို မှတ်ထားတဲ့ သညာလေး ငါ့ကား၊ ငါ့ကားဆိုတဲ့ ဥစ္စာဟုတ်တယ်၊ မှတ်ထားတာပဲ။ သို့သော် သညာ၏ အလုပ် ငါကတော့ မရောစေနဲ့။

သညာက မှတ်ထားတာပေါ့ ပြီးတာပဲ စေတနာလေးကောင်းလာတယ်ဆို ဩော်. . . စေတနာ၏အလုပ်၊ ဒါငါ့အလုပ်မဟုတ်ဘူး. . . (တင်ပ့ါ) ဒီအတိုင်းမှတ်ရမယ် (မှန်ပ့ါ)။

## ဝိညာဏ်ပေါ်တယ်

ဝိညာဏ်က သိတယ်၊ စိတ်ကလေးတွေက ဟိုသိ၊ ဒီသိ၊ ဟိုမိတ်ဆွေနဲ့သိ၊ ဒီမိတ်ဆွေနဲ့သိ၊ သိတဲ့စိတ်ကလေးပေါ်လာ တော့၊ ဩော်. . . ဒါ ဝိညာဏ်၏အလုပ်၊ စိတ်၏အလုပ်တွေပါလား ဝိညာဏ်နဲ့စိတ် အတူတူ. . (မှန်ပ့ါ)။

ဝိညာဏ်၏ အလုပ် စိတ်၏ အလုပ်တွေပါလားဆိုပြီး သကာလ၊ ဦးသန်းမောင်တို့ ဦးတင်တို့ ဦးနက်တို့ ဒါလဲ မှတ်ရမယ်နော်. . . (မှန်ပါ့)။

ပြောတာတော့ဖြင့် ပြောလို့တော့ အပါယ်မကျပါဘူး ထင်မှ အပါယ်ကျတယ်ဆိုတာလည်း မှတ်လိုက်ပါဦး. . . (တင်ပါ့)။ ပြောလို့တော့. . . (အပါယ်မကျပါဘူးဘုရား) အပယ်မကျပါဘူး။ တကယ်ထင်မှ အပါယ်ကျတာ. . . ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

## ဒါပြောနိုင်တုန်းပြောရတာနော်

အေး. . . သေချာမှတ်ပါ၊ သေချာမှတ်ပါ။ ဒါ ဦးတင်တို့ ဦးသန်းမောင်တို့ ဦးနက်တို့ ဒါပြောနိုင်တုန်းပြောရတာနော် (မှန်လှပါဘုရား)။

အပါယ်တံခါး ပိတ်ချင်ပါတယ်ဘုရား၊ ပိတ်ချင်ပေမဲ့လည်း ပွင့်နေတဲ့တရားကို ဖွင့်ပေးတဲ့တရားကို မပယ်လို့ရှိရင်ဖြင့် မောင်ထွန်းအောင် ပိတ်နိုင်ပါ့မလား. . . (မပိတ်နိုင်ပါဘူး ဘုရား)။

အဲဒါကြောင့် ပွင့်နေတဲ့ ဖွင့်တတ်တဲ့ တရားကို၊ ဘုန်းကြီးတို့က ပယ်ပစ်လိုက်တော့ကို အပါယ်တံခါးဟာ သူက ဖွင့်ဖွင့်ပေးနေတာ၊ ကျုပ်တို့က သူ့ပယ်လိုက်တဲ့အခါ

ကျတော့ ပိတ်ပြီးသား ဆို့ပြီးသား ဖြစ်သွားတယ်. . . (မှန်ပ့ါ) ပေါ်ပလား ဦးတင်ရ. . . (ပေါ်ပါပြီဘုရား)။

ပေါ်ပြီတဲ့ ဒါဖြင့် နေရာကျပါပြီအဲတော့ ယားတယ်၊ ယားရင် ဝေဒနာပဲ ဝေဒနာလေးပဲ၊ ဒီထက် တက်နိုင်လို့ရှိရင် ဝေဒနာလေးဟာ ဖြစ်ပြီး ပျက်နေတာပဲ၊ ကောင်းတာပဲ၊ သို့မဟုတ်ဝေဒနာလေးပဲလို့ဆုံးဖြတ်ချက်ချရင် ကောင်းတာပဲ။

## ဝေဒနာကိုသာသိပြီး သစ္စာမသိပဲဖြစ်နေတယ်

ဒီထက် ပိုပြီးသကာလကောင်းတာက ဝေဒနာလေးပဲ ဖြစ်ပြီးပျက်နေတာပဲ သာကောင်းတယ် သာကောင်းတယ် ဦးအောင်ဇံဝေ. . . (မှန်ပ့ါ) သာကောင်းတယ်တဲ့။

အဲ့ဒါက ဘယ်နဲ့ကြောင့် သာကောင်းသတုံး၊ ဝေဒနာလေးထက် ဖြစ်ပြီးပျက်နေတာပဲဆိုတာလေးက သာကောင်းသတုံးမေးတော့ ဦးတင်က မှတ်လိုက်၊ ဦးသန်းမောင်တို့က မှတ်လိုက် ဝေဒနာလေးဆိုတာ ဝေဒနာကိုသာ သိတာ. . . (မှန်ပ့ါ)။

သစ္စာကို မသိပဲဖြစ်နေတယ်။ (မှန်ပ့ါ) ဝေဒနာလေး ဖြစ်ပြီးပျက်နေတာပဲလို့ ဒီထိအောင် ဉာဏ်က သိလိုက်လို့ရှိရင်၊ ပေါ်တဲ့ ဉာဏ်က သိလိုက်လို့ရှိရင် သစ္စာပါ သိသွားတယ်. . . (မှန်ပ့ါ) ဒုက္ခသစ္စာသွားသိတယ်. . . (မှန်ပ့ါ)။

ဒါကြောင့် ဝေဒနာပေါ်တာ ဝေဒနာလို့သိရင် ဝေဒနာလို့ သိတာက ရှေ့က ဒိဋ္ဌိတော့ ပြုတ်ပါတယ်။ ဒိဋ္ဌိကတော့ ပြုတ်ပါတယ်တဲ့ ဒကာ ဒကာမတွေ မှတ်ထားပါနော် (မှန်ပါ့) ဒိဋ္ဌိကတော့ ပြုတ်ပါတယ်။

ဒိဋ္ဌိကတော့ ပြုတ်ပါတယ်တဲ့၊ သို့သော် သစ္စာမသိသေးပဲ ဖြစ်နေတယ်. . . (တင်ပါ့) သစ္စာမသိသေးပဲ ဖြစ်နေတော့ ဝေဒနာလေး ဝေဒနာပေါ်လာ ဝေဒနာ ခုမရှိပါလား ဆိုလိုက်လို့ရှိရင် သစ္စာ သိသွားပြီ။

မရှိပါလားလို့ဆိုတော့ သစ္စာသိသွားပြီ သဘောပါကြပလား. . . (ပါပါတယ်ဘုရား)။

## ဝေဒနာသိနဲ့ဖြစ်ပျက်သိ ဘာခြားသတုံး

ဩော်. . . ဒါဖြင့် ဝေဒနာသိနဲ့ ဖြစ်ပျက်သိ ဘာခြားနားသတုံးလို့ ဦးတင်တို့၊ ဦးသန်းမောင်တို့က မေးဖို့ လိုလာတယ်. . . မလိုဘူးလား. . . (လိုလာပါတယ်ဘုရား)။

ဝေဒနာသိတာသည် သက္ကာယဒိဋ္ဌိ ဖြုတ်ရုံ၊ နာမ်မှန်းသိရုံပဲရှိတယ်။ (မှန်ပါ့) ဖြစ်ပြီး ပျက်သွားတာ သိတာက ဒုက္ခသစ္စာကို ပိုသိလိုက်တယ်. . . (မှန်ပါ့)။

ဖြစ်ပြီး ပျက်တာ သိတာက. . . (သစ္စာသိတာပါဘုရား) ဒုက္ခသစ္စာကို ပိုပြီး သိလိုက်တယ်ဆိုတဲ့ဥစ္စာ အသေ

အချာမှတ်ပါ. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဩော် ဒါဖြင့် ဝေဒနာသိတာထက် ဖြစ်ပျက်သိတာ ထူးခြားပလားဆိုရင် ဦးသန်းမောင် ရိပ်မိပလား. . . (ရိပ်မိပါတယ်ဘုရား)။

ဝေဒနာ သိတာက နာမ်သိတာ. . . (မှန်ပါ့) ဖြစ်ပျက်သိတာက သစ္စာသိတာ. . . (မှန်ပါ့) ခြားနားဘူးလား. . . (ခြားနားပါတယ်ဘုရား)။

အဲဒီကဲ့သို့ ခြားနားတော့မှ ဩော်. . . ဒီ ဒကာ ဒကာမတွေ ဝေဒနာသိမှုနဲ့ သစ္စာသိမှုဟာ ထိုးထွင်းတာခြင်း ကွာသွားတယ်ဆိုတာ မှတ်ရတော့မယ်. . . (မှန်ပါ့)။

ထိုးထွင်းတာခြင်း. . . (ကွာပါတယ်ဘုရား)။ ဒါ ထိုးထွင်းတာခြင်း ကွာသွားတယ်လို့ မှတ်ရမယ်။ ရှင်းကြလား. . . (ရှင်းပါတယ်ဘုရား) ဘာကွာသွားပါလိမ့်. . . (ထိုးထွင်းတာ ခြင်း ကွာပါတယ်ဘုရား)။

ထိုးထွင်းတာခြင်း ကွာသွားတယ်ဆိုတာ အသေအချာမှတ်ရလိမ့်မယ်။ ကောင်းပြီ ဒါဖြင့် ထိုးထွင်းတာခြင်း ကွာသွားတယ်ဆိုတဲ့ အဓိပ္ပာယ်သိတော့ သစ္စာသိမှ လမ်းဆုံးတယ်နော်. . . (တင်ပါ့)။

ဝေဒနာသိတော့ လမ်းမဆုံးသေးဘူး၊ ဝေဒနာသိတော့ အပါယ်တံခါးပိတ်ရုံရှိတယ်။ သစ္စာသိတော့ နိဗ္ဗာန်ရောက်တယ် (မှန်ပါ့) ကွာဘူးလား. . (ကွာပါတယ်ဘုရား)။

## ကိုယ့်အရေးကိုယ်သိပြီး ကြိုးစားကြစမ်းပါ

အဲဒါကြောင့် ဒီလာပြီး ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဆရာသမားကို ကြည်ညိုလေးစားလို့ ကိုယ့်အရေးလည်းကိုသိပြီး သကာလ ကြိုးစားကြစမ်းပါဆိုတာ ဆရာဘုန်းကြီးက လေးလေးစားစားနဲ့ တိုက်တွန်းတယ်နော်. . . (မှန်ပါ့)။

ဝေဒနာသိတာနဲ့ ဖြစ်ပျက်သိတာ ဘယ်ဟာက ပိုထူးခြားသတုံး. . . (ဖြစ်ပျက်သိတာကပါဘုရား) အဲ ဝေဒနာသိတာက နာမ်ကိုသိသောကြောင့် အပါယ်တံခါးသာပိတ်တယ် (တင်ပါ့)။

ဖြစ်ပျက်သိတာက သစ္စာသိသောကြောင့် နိဗ္ဗာန်ကျအောင်ရောက်၏. . . (တင်ပါ့) ကွာဘူးလား. . . (ကွာပါတယ်ဘုရား) ကွာတယ်တဲ့။

ဒါကြောင့် သိတယ်၊ သိတယ် လုပ်နေတာနဲ့ ဖြစ်ပျက်ကို ရှုနေတာနဲ့ ဦးသန်းမောင် မခြားနားဘူးလား. . . (ခြားနားပါတယ်ဘုရား)။

အပါယ်တံခါး ပိတ်ရုံလေးရှိတယ် ဟိုဟာက၊ ဒါက နိဗ္ဗာန်ရောက်တယ်။ အပါယ်တံခါး ပိတ်တာကတခြား နိဗ္ဗာန်ရောက်တာကတခြား။

အပါယ်တံခါး ပိတ်တာက မောင်ချစ်ဆွေက မှတ်လိုက် ဒိဋ္ဌိပြုတ်လို့ ရောက်တာ. . . (တင်ပါ့) နိဗ္ဗာန်တံခါး

ပွင့်တာက သစ္စာသိလို့ နိဗ္ဗာန်ရောက်တာ. . . (မှန်လှပါ) မခြားနားဘူးလား. . . (ခြားနားပါတယ်ဘုရား)။

အေး ဒါတွေ သေသေချာချာ မှတ်တော့မှ ဩဘ် တော်တော်အရေးကြီးပါလားဆိုတာ ပေါ်လာပြီ. . . (မှန်ပါ့) ကိုင်းဒါဖြင့် အားလုံး ဒကာဒကာမတွေ ဘယ်ဟာပြုတ်ဖို့ အရေးကြီးသလဲလို့ပြောစမ်း ဦးတင်ဘာတဲ့. . . (ငါ၊ ငါ့ဉစ္စာ ပြုတ်ဖို့ အရေးကြီးပါတယ်ဘုရား) ရှင်းပလား. . . (ရှင်းပါပြီ ဘုရား)။

ခန္ဓာပေါ်၌ ဘာစွဲတတ်တုံး. . . (ငါစွဲတတ်ပါတယ် ဘုရား) ဒီပြင် ပစ္စည်းတွေအပေါ်၌. . . (ငါ့ဉစ္စာလို့ စွဲပါ တယ်ဘုရား) ငါ့ဉစ္စာလို့ စွဲတတ်တယ်။

အဲဒါ အပြောကို မဆိုလို၊ တကယ် ဝမ်းထဲက လှိုက်လှိုက်လှဲလှဲ စွဲတာကို ဆိုပါသည်. . . (တင်ပါ့) ပေါ်ကြ ပလား. . . (ပေါ်ပါပြီဘုရား)။

## ဝေဒနာလို့သိတာ 'နာမ်သိ'

ကောင်းပြီ ဒါဖြင့် ပြုတ်နည်း နိဿရည်း ပြောစမ်း ပါဆိုတော့ ဝေဒနာပေါ်ရင် ဝေဒနာသိရင် ငါပြုတ်တယ်၊ (တင်ပါ့)။

ဝေဒနာ ဖြစ်ပျက်မြင်လို့ရှိရင်ဖြင့် အင်း သစ္စာသိ

တယ်၊ သစ္စာသိနဲ့ နာမ်သိကွာတယ်။ (မှန်ပါ့) ခြားနား ဘူးလား. . . (ခြားနားပါတယ်ဘုရား)။

သစ္စာသိနဲ့. . . (နာမ်သိ) နာမ်သိ၊ ဟိုက ဝေဒနာကို ဝေဒနာလို့သိတာ နာမ်ကသိတာ ရှင်းပလား. . . (ရှင်းပါပြီ ဘုရား) သစ္စာသိတာ မဟုတ်သေးပါဘူး၊ သစ္စာသိတာမဟုတ် သေးပါဘူး။

## ဝေဒနာ၏ဖြစ်ပျက်သိတာမှ 'သစ္စာသိ'

ဖြစ်ပြီး ပျက်တာလေးကို သိတဲ့ အသိကမှသာလျှင် သစ္စာသိဆိုတာ ရောက်ပါတယ်. . . (မှန်ပါ့)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ အသက်တွေလည်း ကြီးကုန်ကြပြီ။ မနေ့ကထက် ယနေ့ ကြီးလို့ သေခါနီးတွေကလည်း ဖြစ်လာကျတော့ ဒါလေး နှစ်ခု ဖြင့် ယနေ့ မင်္ဂလာရှိတဲ့နေ့၊ မင်းတို့ကို အမင်္ဂလာတွေ ဖြုတ် မယ်ကွ. . . (မှန်ပါ့)။

အပါယ်ချတတ်တဲ့တရား ဦးသန်းမောင်ရ မင်္ဂလာ ဆိုမလား၊ အမင်္ဂလာဆိုမလား. . . (အမင်္ဂလာပါဘုရား) အမင်္ဂလာဖြုတ်ရမှာပေါ့ဗျ. . . (မှန်ပါ့)။

## အမင်္ဂလာပြုတ်တဲ့နေ့

ဒီနေ့ အမင်္ဂလာပြုတ်တဲ့နေ့. . . (မှန်ပ့ါ) မင်္ဂလာနဲ့ အမင်္ဂလာကို မင်္ဂလာတရားနှင့် အမင်္ဂလာတရားတွေကို ဖြုတ်တဲ့နေ့၊ ဖြတ်တဲ့နေ့ ဆုံးဖြတ်ချက်ချပါ. . . (မှန်ပ့ါ)။

နေ့ထူးနေ့မြတ်လို့မှတ်ပါ၊ နေ့ထူးနေ့မြတ်လို့မှတ်ပါ လို့ဆိုတော့ ခု ဩော် ဖြုတ်ပစ်ရင် အင်း စိတ်ပေါ်လာလည်း စိတ်ကို စိတ်ပေါ်တိုင်. ပေါ်တိုင်း သိနေရင် အင်း ဒါ သက္ကာယဒိဋ္ဌိတော့ ပြုတ်ပါတယ်။

## နက်နက်နဲနဲနှင့် အသေအချာမှတ်ပါ

စိတ်ဖြစ်ပျက် မြင်လိုက်တဲ့အခါကျတော့ကို သစ္စာသိသောကြောင့်တဲ့ ဒကာ ဒကာမတို့ ဒိဋ္ဌိတင် မကဘူး တဏှာတွေပါ အကုန်ပြုတ်တယ်. . . (မှန်ပ့ါ)။

ကွာခြားဘူးလား. . . (ကွာခြားပါတယ်ဘုရား) ကွာခြားတယ်ဆိုတာ လေးစားစွာနဲ့ နက်နက်နဲနဲနဲ့ မောင်ထွန်းအောင် အသေအချာမှတ်ကွ. . . (မှန်ပ့ါ)။

ဒါဖြင့် ဒီနေ့တရား နှစ်လုံးထဲ ဟောနေပါလား ဆရာဘုန်းကြီးက ဒို့သန္တာန် အပါယ်ရေသောက်မြစ်က ငါ၊ ငါ့ဥစ္စာတဲ့ငါ၊ ငါ့ဥစ္စာဆိုတဲ့ ထင်မှု၊ စွဲမှုတဲ့၊ အဲဒီ ထင်မှု၊ စွဲမှုကို ဖြုတ်ဟဲ့လို့ ပြောနေတဲ့နေ့ပဲ. . . (တင်ပ့ါ)။

F 2 B

## အထင်ကိုဖြုတ်ပါ

အပြောဖြုတ်ရမှာလားတဲ့ အပြောဆိုရင် ပြောစရာတောင် စကားမရှိဘူး အပြောမဖြုတ်ရဘူး. . . အထင်ကိုဖြုတ်. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အပြောဖြုတ်လိုက်လို့ရှိရင် စကားတောင် ပြောစရာမရှိတော့ဘူး. . . (မှန်ပါ့) ရှိပါ့မလား. . . (မရှိပါဘူးဘုရား)။

မရှိတော့ဘူးလို့ ကျွန်တော်ဆိုတာလည်း ငါပဲ၊ ကျွန်မဆိုတာလည်း ငါပဲ. . . (မှန်ပါ့) ဟုတ်ဘူးလား၊ ဒီပစ္စည်းတွေဟာ ကျွန်တော် ဝယ်ထားတာပါဆိုတော့လည်း ဒါ ငါ့ဥစ္စာတွေပဲ ဝယ်ထားလို့ ဝယ်ထားတယ်ပြောတာ မုသားလည်း မဖြစ်ပါဘူး။

သို့သော် ငါက တကယ်ပိုင်တယ်လို့ မယူနဲ့. . . (တင်ပါ့) ဒါဖြင့် ရုပ်တရားတွေ. . . (မှန်ပါ့) ရုပ်တရားဆိုတော့ ဖောက်ပြန်တယ်၊ ပျက်စီးတယ်၊ ဟုတ်ပလားအဲတော့ ငါ့ဥစ္စာ ဟုတ်ရဲ့လား. . . (မဟုတ်ပါဘူးဘုရား)။

## သက္ကာယ ဒိဋ္ဌိပြုတ်တယ်

ဒီလိုလေး ဉာဏ်က ကြည့်ထားလို့ရှိရင်ဖြင့် သက္ကာယဒိဋ္ဌိပြုတ်တယ်. . . (တင်ပါ့) ၎င်း ရုပ်တရားတွေ နာမ်တရား

တွေ ပေါ်တိုင်းပေါ်တိုင်း ဘုန်းကြီးတို့ ဒကာ ဒကာမတွေက အင်း ဒီတရားလေးဟာ ကိုယ့်ဉာဏ်အောက်တင်ပဲ ဉာဏ်က ရှေ့က ဉာဏ်ကကြည့်ပြီး ခန္ဓာက အောက်ကနေပြီး ဉာဏ်က အထက်က ခန္ဓာကအောက်ကနေကြည့်လိုက်တဲ့အခါ ဖျတ်ခနဲ ဖျတ်ခနဲ မရှိဘူး၊ မရှိဘူး။

စိတ်ကလေးပေါ်လည်း မရှိဘူး ဝေဒနာလေးပေါ်လည်း မရှိဘူး။ ဒီလို မရှိဘူး၊ မရှိဘူးလို့ ဉာဏ်ထဲမှာမြင်လိုက်တဲ့အခါကျလို့ရှိရင်၊ ဩော် . . . ဒုက္ခရောက်သွားတာပဲဆိုတော့ သစ္စာသိသွားတော့ သူကတော့ ချက်ခြင်း နိဗ္ဗာန်ပေါ်သောကြောင့် အပါယ်တံခါးတင် ပိတ်ရုံမကဘူး၊ နိဗ္ဗာန် ဒုက္ခခပ်သိမ်း ကင်းငြိမ်းတဲ့ နိဗ္ဗာန်၊ သူက မဂ်ဉာဏ်အသိက နိဗ္ဗာန် ဆောင်သွားသောကြောင့် ဒကာ ဒကာမတွေ ဖြစ်ပျက်သိက ပိုကောင်းတယ် . . . (မှန်ပ့ါ)။

ဝေဒနာကို ဝေဒနာလို့ သိတာထက် ဝေဒနာ၏ ဖြစ်ပျက်ကိုသိတာ သာကောင်းတယ် . . . (မှန်ပ့ါ) စိတ်ကို စိတ်ပေါ်တိုင်း သိတာထက် စိတ်၏ ဖြစ်ပျက်ကို သိတာက ပိုကောင်းတယ် (မှန်ပ့ါ)။

ဒါကြောင့် ဒကာ ဒကာမတို့ ဖြစ်ပျက်ကို သိလိုက်ရင် စိတ်လည်း သိပြီးသား ဖြစ်သွားပါတယ် . . . (မှန်ပ့ါ) ဝေဒနာကနေ ဖြစ်ပျက်ကို တွေ့လိုက်လို့ရှိရင် ဝေဒနာလည်း သိပြီး

သား ရုပ်လည်း သိပြီးသားဆိုတဲ့ အဓိပ္ပာယ် ဦးနက်ပေါ်ပ လား. . . (ပေါ်ပါပြီဘုရား) ပေါ်ပြီ။

**ရှင်ခေမကာ**

ကောင်းပြီ ဒါက ကိုင်း ဒီ အဓိပ္ပာယ်ကို ရှင်းပြီးသကာလ ဝတ္ထုလေးတစ်ခု ဘုရားသခင် ကိုယ်တော်မြတ်ကြီး ခန္ဓဝဂ္ဂ သံယုတ် ပါဠိတော် ထေရ်ရဝဂ်မှာ ရှင်ခေမကာဆိုတဲ့ အနာဂါမ် ကိုယ်တော်က ပုထုဇဉ် ခြောက်ဆယ်သော ရဟန်းတွေ သူတရားဟောတယ်. . . (မှန်ပါ့)။

ပုထုဇဉ် ခြောက်ဆယ်သော ရဟန်းတွေကို အနာဂါမ် ကိုယ်တော်က တရားဟောတယ်. . . (မှန်ပါ့) သက္ကာယဒိဋ္ဌိပြုတ် ပြုတ်ပုံကိုလည်း ဟောတယ်။

နောက် အနာဂါမ်တည် တဏှာမာန ပြုတ်ပုံကိုလည်း ဟောတယ်၊ နောက် ရဟန္တာဖြစ်သည့်တိုင်အောင် သူဟောတယ်။

ဟောရင်း မတ္တာနဲ့ သူကလည်း အနာဂါမ်အဖြစ်နဲ့ ဟောရင်း သူ့ကိုယ်သူလည်းကြည့်ပြီး သကာလ ဟောရင်း ကိုယ့်ခန္ဓာကြည့်ဟော၊ ဟိုကလည်း ကိုယ်တော်တွေက နာတဲ့ ပုဂ္ဂိုလ်တွေကလည်း ကိုယ့်ခန္ဓာကြည့်ပြီး နာကြတော့ ဦးတင်တို့ ဦးသန်းမောင်တို့ တရားပွဲလည်းပြီးရော အလုပ်နဲ့ နာကြတာကိုး. . . (တင်ပါ့)။

ဟောတဲ့ပုဂ္ဂိုလ်က အနာဂါမ် ပုဂ္ဂိုလ်ကလည်း ရဟန္တာဖြစ်၊ ကျန်တဲ့ ပုထုဇဉ် ခြောက်ဆယ်ကလည်း ရဟန္တာဖြစ်သွားတယ်. . . (တင်ပ့ါ)။

ဒါဖြင့် ဒကာ ဒကာမတို့ ဆရာဘုန်းကြီးကလည်း ဟောရင်းပဲ ခန္ဓာဉာဏ်ရောက်ပြောနေတယ်၊ ဒကာ ဒကာမတွေ ခန္ဓာဉာဏ်ရောက်နာပါဆိုတာကိုလည်း ဒီဝတ္ထုက ဦးသန်းမောင် သက်သေခံနေတယ်. . . (မှန်ပ့ါ)။

## မှတ်မိအောင်မနာပါနဲ့ ပွားမိအောင်နာပါ

အဲတော့ မှတ်မိအောင် မနာပါနဲ့နော်. . . (မှန်ပ့ါ) ပွားမိအောင် နာပါ. . . (မှန်ပ့ါ) ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

မှတ်မိအောင်. . . (နာရမှာပါဘုရား) မှတ်မိတာထက် ကျေးဇူးများတဲ့ ပွားမိအောင်နာပါ. . . (မှန်ပါ) ကြည့်လိုက်လို့ မြင်လိုက်လို့ [illegible]ားပြီးသား ဖြစ်သွားတယ်. . . (မှန်ပ့ါ)။

ဒါကြောင့် မှတ်မိအောင် နာတာလည်း [illegible]င်းတာပဲ။ သို့သော် သူ့ထက်ကောင်းက အမြင်ကိုကြည့်ပြီး ပွားမိအောင် နာတာက ဦးအောင်ဇံဝေ ပိုကောင်းတယ်. . . (မှန်ပ့ါ) ကိုထွန်းအောင် ရှင်းရဲ့လားဗျ. . . (ရှင်းပါပြီဘုရား)။

အေး. . . ဒါကြောင့် ကြိုးစားကြပါ။ ကြိုးစားကြပါ ဆိုတာ တိုက်တွန်းရတယ်. . . (မှန်ပါ့)။

## ရဟန်းကြီးခြောက်ဆယ်

ကောသမ္ဗီပြည်မှာ ဝတ္ထုထုတ်ပါပြီ ကောသမ္ဗီပြည်မှာ ရဟန်းကြီးခြောက်ဆယ်ရှိသည်၊ ရဟန်းကြီးချည့်ပဲ ခြောက်ဆယ်ရှိသည်။

ရှင် ခေမကဆိုတဲ့ အနာဂါမ် ပုဂ္ဂိုလ်က၊ တစ်ဂါဝုတ် လောက်မှာသူက ဒီ ကောသမ္ဗီပြည်နဲ့ တစ်ဂါဝုတ်လောက် ကွာတဲ့ နေရာမှာ သွားပြီး၊ ဇီးတောကြီးထဲမှာ ကျောင်းလေး ဆောက်ပြီး၊ ဒကာ ဒကာမတွေ ဆောက်ပေးပြီး၊ ဒီ ကိုယ်တော်က အနာဂါမ်ပုဂ္ဂိုလ်က အဲဒီသွားပြီး တရားအား ထုတ်တယ်။

အဲတော့ ခုနက ရဟန်းကြီး ခြောက်ဆယ်နေတာက ကောသမ္ဗီပြည်၊ သူက ကောသမ္ဗီပြည်နဲ့ တစ်ဂါဝုတ်လောက် ကွာတဲ့နေရာမှာ ကောသမ္ဗီပြည်နဲ့ တစ်ဂါဝုတ်လောက်ကွာတဲ့ နေရာမှာဇီးတော ကျောင်းကြီးထဲမှာ ကျောင်းဆောက် ပြီးတော့ အနာဂါမ်ရှင်ခေမကက နေပါတယ်လို့ ဒကာ ဒကာမတွေ မှတ်ထားရမယ်နော်. . . (မှန်ပါ့)။

## တရားဟောကောင်းဖို့လိုတယ်

ဒါ ဝတ္ထု - ဝတ္ထုမှတ်ထား၊ အဲတော့ ရဟန်းကြီး ခြောက်ဆယ်ကလည်း အထက် မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေကို လိုချင်ကြတယ်။ တရားဟောကောင်းမှလည်း မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်က ဆိုက်မှာဖြစ်တယ်. . . (မှန်ပါ့)။

ဒါနဲ့ သူတို့လိုက်ပြီးရှာတော့ ရှင်ခေမကဟာဟော့ တရားဟော သိပ်ကောင်းတယ် ထင်မြင်အောင် ပြောတတ်တယ်။ ဒါကြောင့် ထင်မြင်အောင်ပြောတတ်မှ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကဆိုက်တယ်။ စာလျှောက်ရွတ်လို့ မဂ်ဉာဏ် ဖိုလ်ဉာဏ်မဆိုက်ဘူး။ နာတဲ့ပုဂ္ဂိုလ်. . . (တင်ပါ့)။

## စာကျက်ပြီးပြောတဲ့ပုဂ္ဂိုလ် အလကား

စာ လျှောက်ပြီး ရွတ်တဲ့ ပုဂ္ဂိုလ်၊ စာကျက်ပြီး ပြောတဲ့ ပုဂ္ဂိုလ် အလကား၊ သူ စာလျှောက်ပြောတာ ရလို့ပြောတဲ့ ဥစ္စာ၊ အဲဒါ ဦးတင်တို့ ဦးသန်းမောင်တို့က အထင်မကြီးနဲ့ (တင်ပါ့)။

ခန္ဓာကိုယ် ရောက်အောင်ပြောပြီး ခန္ဓာထဲ ယောဂီ ပုဂ္ဂိုလ်ကလည်း ထင်အောင် ပြောနိုင်မှ တရားဟောကောင်း ဆိုတာ မှတ်ရမယ်နော်. . . (မှန်ပါ့)။

## အရှင်ခေမက ကဒိုးတောကျောင်းမှာနေတယ်

ဒါနဲ့ ရဟန်းကြီး ခြောက်ဆယ်က တရားနာတယ်၊ တရားဟောကောင်း လျှောက်ရှာမှပဲဆိုတော့၊ ရှင်ခေမက တစ်ဂါဝုတ်လောက်ရှိတဲ့နေရာ ဇီးတောကျောင်းမှာ ရှိတယ်ဆို တာ သူတို့စုံစမ်းလို့ သတင်းရတယ်။

သတင်း ရတာနဲ့ သူတို့ထဲက ရဟန်းငယ်ဖြစ်တဲ့ ဒါသကဆိုတဲ့ ရဟန်းကို လွှတ်လိုက်တယ်။ ရှေးဦးစွာ ဒါ သက မင်းသွားစမ်းကွာ၊ ရဟန်းကြီးခြောက်ဆယ်ကမှာလိုက် တယ်၊ ရှင်ခေမက နေကောင်း၊ နေမကောင်း မေးခဲ့ကွဆိုပြီး တစ်ခေါက် လွှတ်လိုက်တယ်. . . (မှန်ပါ့)။

တစ်ခေါက်လွှတ်လိုက်တော့ သွားရတာပဲ၊ တစ်ဂါ ဝုတ်လောက်ရှိတဲ့ခရီးကို အရောက်သွားတယ်၊ သွားလိုက်တဲ့ အခါကျတော့ အရှင်ဘုရား ရဟန်းကြီးခြောက်ဆယ်က အမေးခိုင်းလိုက်ပါတယ်ဘုရား၊ အရှင်ဘုရားသည် ကျန်းမာပါ ရဲ့လား၊ အရှင်ဘုရားသည် ကျန်းမာပါရဲ့လား ဆိုတော့။

ငါ့အရှင် ငါမကျန်းမာဘူး၊ ငါ့ဝေဒနာ ရှေ့သာတိုးနေ တယ် နောက်ကိုမဆုတ်ဘူးကွ၊ အဲဒါ ကဲ ငါပြောလိုက်တယ် ငါ့ခေါင်းမှာ ဘယ်လိုဖြစ်နေတယ်။ ခါးမှာ ဘယ်လို ဖြစ်နေ တယ်။ အားအင်ဗလတွေ ဘယ်လိုဖြစ်နေတယ်ဆိုတာတွေ ဒီထဲသွင်းလို့ ပြောလိုက်တယ်။

ပြောလိုက်တော့ ဟိုပုဂ္ဂိုလ်ကလည်း အင်း ပြောတာတွေ မှတ်ပြီးတော့ ရဟန်းကြီးခြောက်ဆယ်ဆီ ပြန်သွားတယ်။ ပြန်သွားတော့ ရှင် ဒါသကလည်း ကောသမ္ဗီပြည် ရောက်ပါတယ်။ ရဟန်ကြီးခြောက်ဆယ်ဆီ။

အဲ့ဒီလို ရောက်တဲ့အချိန်မှာ ရဟန်းကြီးတွေက ဟေ့! ရှင်ခေမက ဘယ်နဲ့တုံးဟေ့၊ ကျန်းမာရဲ့လား၊ ချမ်းသာရဲ့လား အရှင်ဘုရား မကျန်းမာဘူး၊ မချမ်းသာဘူးဘုရား။ ရှင်ခေမက ဝေဒနာတွေ ရှေ့သာတိုးနေတယ်ဘုရား နောက်မဆုတ်ဘူး။

အဲဒီလိုပြောတော့ ခေါင်းတွေလည်း ကိုက်တယ်တဲ့ ကွ၊ ခါးတွေလည်း နာတယ်တဲ့ အားတွေလည်း ချည့်သတဲ့ ဒီလိုပြောလိုက်တော့ ဟိုကွာ. . . မင်းတစ်ခေါက်သွားပါဦး ရဟန်းကြီးခြောက်ဆယ်က-

ခန္ဓာကိုယ်ကို ငါ၊ ငါ့ဥစ္စာလို့များ စွဲနေလို့ ဒီလောက်နာတာလားမေးပြီး ရဟန်းကြီးခြောက်ဆယ်က ခန္ဓာကိုယ်ကို ငါ၊ ငါ့ဥစ္စာလို့ စွဲသေးသလားလို့ဆိုတာ ဒါသက သွားမေးချည်စမ်းဟေ့ ဒုတိယအခေါက်လွှတ်လိုက်တယ်. . . (မှန်ပါ့)။

ဦးသန်းမောင် နှစ်ခေါက်ရှိသွားပြီနော်. . . (မှန်ပါ့) ခုနက လူမမာမေးတစ်ခေါက်၊ ခုတော့ဖြင့် ခန္ဓာကိုယ် ငါ၊ ငါ့ဥစ္စာ စွဲသေးလားလို့ အမေးတစ်ခေါက် ဒီကလာတဲ့

ပါဠိတော် ခုနကပြောတဲ့စကားသည် ချီလာတာ. . . (တင်ပ့ါ) ဦးနက် ရှင်းရဲ့လား. . . (တင်ပ့ါ) နောက်က ဒကာ ဒကာမတွေ ကြားရဲ့လား. . . (ကြားပါတယ်ဘုရား)။

အေး. . . ကြားကြတဲ့၊ ဒီဥစ္စာ အရေးကြီးတယ် ဆိုတာ မှတ်တာပေ့ါ၊ ဒါနဲ့ ဒါသကက ဦးတင်ရေ ပြေးရပြန် တယ် တစ်ဂါဝုတ်ရှိတဲ့ခရီးနော်. . . (မှန်ပ့ါ)။

## ငါ့ကိုယ်ငါ့ဟာခွဲသေးသလား

ဒါနဲ့ ရှင်ခေမကနဲ့ သွားတွေ့တယ်၊ ဇီးတောကျောင်း က ကိုယ်တော်နဲ့၊ ဟ မင်းလာပြန်ပြီလားကွ၊ လာရပြန်ပြီ ဘုရား၊ ဘာတုံးကွ၊ ဟာ ရဟန်းကြီး ခြောက်ဆယ်က အရှင်ဘုရား ခန္ဓာငါးပါးကို ငါ၊ ခန္ဓာငါးပါးမှ တစ်ပါးသော ပစ္စည်းတွေကို ငါ့ဥစ္စာလို့များ အရှင်ဘုရား ခွဲသေးသလားလို့ အမေးခိုင်း ပါတယ်ဘုရား။

ဆိုတော့ ဦးသန်းမောင်က စဉ်းစားတယ်၊ နဂိုက အနာဂါမ်ကြီးပဲ ဒိဋ္ဌိကပြုတ်ပြီးသား ဖြစ်နေတယ်. . . (မှန်ပ့ါ) သူက ဖြေလိုက်တယ်၊ ဒါသက ရဟန်းကြီး ခြောက်ဆယ်သွား ပြီးသကာလ ရဟန်းကြီးခြောက်ဆယ်သွားပြီးသကာလ ပြောချည်ကွာ၊ ဆိုချည်ကွာ။

## အပြောသာရှိတယ်၊ အထည်မရှိတော့ဘူး

ငါ၊ ငါ့ဥစ္စာ မရှိပါဘူးလို့ ပြောလိုက် ကိုင်း. . . (တင်ပ့ါ) ငါ၊ ငါ့ဥစ္စာလို့ ငါ့စိတ်ထဲမှာ မရှိတော့ဘူး အပြောသာရှိပါတယ်ကွာ အထည်မရှိတော့ပါဘူး. . . (မှန်ပ့ါ)။

သူက အနာဂါမ်ကိုဗျာ၊ သောတာပန် သကဒါဂါမ် အနာဂါမ်ဆိုတော့ သုံးခုမြောက် ရောက်နေပြီ (မှန်ပါ) ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ငါ၊ ငါ့ဥစ္စာမရှိဘူးကွ ပြောလိုက်ပါဆိုတော့ ဒါသက ပြန်ပြေးရတယ်၊ ဒါနဲ့ ရဟန်းကြီး ခြောက်ဆယ်ဆီ ကောသမ္ဗီ ပြည်ရောက်ပါတယ်။ ရောက်တဲ့အခါကျတော့ ဟော့! ဘယ်နဲ့ များ ပြောလိုက်တုံးကွ သူမေးတဲ့အမေးကို တပည့်တော် ရောက်ရောက်ခြင်း မေးပါတယ်ဘုရား၊ ရှင်ခေမက ငါ၊ ငါ့ဥစ္စာလို့ ခန္ဓာငါးပါးကို ငါ၊ ဒီပြင် ပရိက္ခရာတွေကိုး ငါ့ဥစ္စာ များစွဲတာ ရှိသေးလားလို့ မေးလိုက်တဲ့အခါ ငါ, ငါ့ဥစ္စာတော့ မရှိပါဘူးကွာလို့ ဖြေလိုက်တယ်. . (မှန်ပ့ါ)။

ဒါနဲ့ ရဟန်းကြီးတွေက သူတို့ ခန္ဓာကိုယ်ကို သူတို့ ပြန်ပြီး ဦးတင်တို့၊ ဦးသန်းမောင်တို့၊ ဦးနက်တို့ စဉ်းစားတယ် ဒီက အဖြေတွေ ယူပြီတော့ အင်း၊ ခန္ဓာကိုယ်ထဲမှာ ငါ၊ ငါ့ဥစ္စာမရှိဘူးတဲ့ ဝေဒနာလေးတွေရှု၊ စိတ်ကလေးတွေရှု အင်း ဟုတ်သားပဲဖြစ်ပြီး ပျက်သွားတာပဲ ဘယ်. . . ငါ၊

ငါ့ဥစ္စာ ဟုတ်ရမတုံး၊ ဒုက္ခ သစ္စာတွေချည့် ရှိနေတာပဲဆိုတော့ ဟိုက ငါ၊ ငါ့ဥစ္စာ မရှိဘူး တရားဟောလိုက်တာနဲ့ပဲ ဒီက ရဟန်းကြီး ခြောက်ဆယ် ကလည်း ခန္ဓာကိုယ် ဉာဏ်လှည့်ပြီးတော့. . . (တင်ပ့ါ)။

## တစ်ဆင့်ခံတရားနာတာသောတာပန်တည်တယ်

စိတ်ကြိုက်တဲ့ ပုဂ္ဂိုလ်ကလည်း စိတ်ဉာဏ်လှည့်ပြီး စိတ်ကလေး ဖြစ်ပျက်ရှုလိုက် ဟုတ်သားပဲ ငါ၊ ငါ့ဥစ္စာ မဟုတ်ဘူး၊ ဝေဒနာ ကြိုက်တဲ့ပုဂ္ဂိုလ်ကလည်း ဝေဒနာရှုပြီး သကာလ ငါ၊ ငါ့ဥစ္စာ မဟုတ်ပါလားဆိုပြီ၊ ရှုတော့ ဦးသန်းမောင် သူတို့လည်း ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်းပြီး ဖြစ်ပျက်အဆုံး သူတို့လည်း သောတာပန် တည်ကြပြန်တယ်။ (တင်ပ့ါ)။

ဟောလိုက်တာကတော့ တောထဲက ဟောလိုက်တာ နော်. . . (တင်ပ့ါ) တစ်ဆင့်ခံ နာရတာနဲ့ ဦးအောင်ဇံဝေ သောတာပန်တည်ကုန်တယ်. . . (မှန်ပ့ါ)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေကို လည်း လေးစားစွာနဲ့ သတိပေးတာက၊ တရားနာတဲ့အခါမှာ ဘုန်းကြီးက ငါ၊ ငါ့ဥစ္စာဖြုတ်ကြဆိုတော့ ခင်ဗျားတို့ကလည်း ခန္ဓာကိုယ် ကြည့်လိုက်တော့ ယားတာလေးတွေ၊ နာတာလေး တွေ၊ ဟင်စိတ်ကလေးတွေ အမျိုးမျိုး ပေါ်လာတဲ့အခါ၊ ဟင် ပျောက်သွားပြီ။ ဟုတ်သားပဲ၊ ဆရာဘုန်းကြီးဟောတဲ့အတိုင်း

ငါ၊ ငါ့ဥစ္စာမဟုတ်ဘူး ဒါတွေ ဒီလိုလေး သိသိနာရမယ်. . . (တင်ပ့ါ)။ နာတယ်၊ နာဆဲမတ္တ ပွားများရမယ်ဆိုတာ ပေါ့ဗျာ. . . (မှန်ပ့ါ) ဘာတဲ့တုံး. . . (နာဆဲမတ္တ ပွားများရမှာပါဘုရား) နာဆဲမတ္တ ပွားများရမယ်လို့ ဆိုလိုက်ပါတယ်. . . (တင်ပ့ါ)။

## တရားနာတုန်းပွားများကြပါ

နာဆဲမတ္တ ပွားများလိုက်တဲ့အခါကျတော့ ကြည့်စမ်း ဟိုက တစ်ဆင့်ခံ ဟောတာနဲ့တောင် ဒီက သောတာပန် တည်ကုန်ကြပြီ၊ ခြောက်ဆယ်စလုံး. . . (မှန်ပ့ါ)။

ဦးသန်းမောင် နာနည်းမကောင်းဘူးလားလို့မေးရင် ဘယ်နဲ့ဖြေကြမတုံး. . . (ကောင်းပါတယ်ဘုရား) အဲဒါက ကျုပ်တို့ကတော့ နားနဲ့တင် နာတယ် ဉာဏ်က မနာလို့ဆိုတဲ့ အဓိပ္ပာယ် ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

နားနဲ့ မှတ်မိအောင်တင် သညာနဲ့နာတယ်၊ သူတို့ ကတော့ သညာနဲ့မှတ်ပြီး ပညာနဲ့ ခန္ဓာလှည့်လိုက်တယ်။ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

သညာနဲ့ မှတ်ပြီးတော့ ပညာနဲ့ ဘာတုံး. . . (ခန္ဓာ လှည့်ပါတယ်ဘုရား) ခန္ဓာလှည့်လိုက်တဲ့အတွက် ခု ဒါသက နှစ်ခေါက်ပြန်ရသေးတယ်၊ ရဟန်းကြီး ခြောက်ဆယ်

သောတာပန်တည်ပြီဆိုတဲ့ အခိပ္ပာယ် ရှင်းသွားပြီနော်. . . (မှန်ပါ့)။

ဒါနဲ့ ရဟန်းကြီး ခြောက်ဆယ်က သူကဒီလို နာချင်တာကိုးဗျ၊ တရားက ဒီလိုနာချင်တယ် ဟိုရှင်ခေမက ကိုလည်း မပင့်ချင်ဘူး မမာဘူးဆိုတာ စောစောက သိထား လို့. . . (တင်ပါ့) ဒါကြောင့် ရှင်ခေမကကို ပင့်ပြီး မနာချင် ဘူး အားနာတယ်. . . (မှန်ပါ့)။

ဒီလိုမေးကာ၊ မြန်းကာနဲ့ ပြီးချင်တယ်၊ တစ်ခါ သူတို့ က သွားနာမယ်ဆိုတော့ တောကျောင်း တစ်ပါးနေ ကျောင်း ထဲမှာ နေရာစရှိဘူး. . . (မှန်ပါ့) ဒါနဲ့ သူတို့ကလည်း မသွား ဘူး၊ ဒါသကကို အစေခံလုပ်ပြီး သကာလ သွားချည်၊ ပြန်ချည် လုပ်ပြီး သကာလ သူတို့တရားနာတယ်. . . (မှန်ပါ့)။

ဦးသန်းမောင် သူတို့အကြံပေါ့ဗျာ. . . (မှန်ပါ့)၊ ရဟန်းကြီး ခြောက်ဆယ်အကြံက ကြွခဲ့ပါလို့ ပင့်ရမှာလည်း လူမမာဖြစ်နေလို့ ရှင်ခေမက ပင့်ရမှာ. . . (မှန်ပါ့) နော်။

ကြွခဲ့ပါလို့ ပင့်ရမှာကလည်း လူမမာဖြစ်နေလို့၊ ကိုယ် က သွားနာရမှာကလည်း လူမမာတဲမို့ သွားနာရမှာကလည်း သူ့ကျောင်းက ကျဉ်းနေတယ်။ ဒီက ခြောက်ဆယ်ခန့်ဆို တော့ ဆန့်ပါ့မလား. . . (မဆန့်ပါဘူးဘုရား)။

အဲဒီလို ဖြစ်နေလို့ ဒါ သကကို သွားချည်ပြန်လှည့်နဲ့

တရားဟောခိုင်းနေတယ်လို့ မှတ်ရမယ်. . . (မှန်ပါ့) ဦးအောင်ဇံဝေ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ဒါနဲ့ ဒါသက တစ်ခေါက်သွားဦး. . . (တင်ပါ့) ခိုင်းပြန်တယ်၊ သုံးခေါက်ရှိသွားပြီးနော်. . . (တင်ပါ့) တစ်ခေါက်သွားဦးတဲ့၊ ဘယ်လိုအမေးနဲ့ သွားရမှာတုံးဘုရား၊ အို. . . မင်းခေမက သွားမေးချည်ကွ ငါ၊ ငါ့ဥစ္စာလို့ မရှိတော့ပါဘူးလို့ သူပြောလိုက်တဲ့အထဲက ဒို့ကြားပြီ၊ ကြားလို့တောင်မှ ဒို့ အတော်အကြောင်း ညီညွတ်သွားပြီ။

## အရှင်ဘုရား၊ ရဟန္တာဖြစ်ပလား

သူတို့လည်း သောတာပန်တည်ပြီပေါ့ဗျာ. . . (မှန်ပါ့) ငါ၊ ငါ့ဥစ္စာပြုတ်လို့ရှိရင် အရှင်ဘုရား၊ ရဟန္တာဖြစ်ပလားလို့မင်းတစ်ခေါက် သွားမေးချည်၊ ရဟန်းကြီးတွေက ရဟန်းကြီးခြောက်ဆယ်က လွှတ်လိုက်တာနဲ့ ဒကာ ဒကာမတို့ ဘယ်နှစ်ခေါက်ရှိသွားပြီတုံး. . . (သုံးခေါက်ရှိသွားပါပြီဘုရား)။

သုံးခေါက်ရှိသွားပြီတဲ့၊ ဒါနဲ့ ဒါသကက တစ်ဂါဝုတ်ခရီးကို ဦးသန်းမောင်ပြေးရပြန်တာပေါ့. . . (တင်ပါ့) သူက လူငယ်ဖြစ်နေတယ်. . . (တင်ပါ့) လူငယ်ဖြစ်ပြီးသကာလနေတော့ ပြေးရပြန်တယ်တဲ့၊ ပြေးရတော့ ရှင်ခေမက-က မင်း

ဘာလာရပြန်ပြီလားကွ၊ အရှင်ဘုရား လာရပြန်ပြီဘုရား။

ရဟန်းကြီးခြောက်ဆယ်က လွှတ်ပြန်တယ်၊ ဘယ်နဲ့ များ ခိုင်းလိုက်တုံးကွ ဘယ်လိုများ အမေးခိုင်းတုံး၊ အရှင်ဘုရားကို ငါ၊ ငါ့ဥစ္စာ အရှင်ဘုရားက ပြုတ်ပြီလို့ ပြောလိုက်တယ်၊ မရှိဘူးလို့ ပြောလိုက်တော့ အရှင်ဘုရား ရဟန္တာ ဖြစ်ပလားလို့ သူတို့က အမေးခိုင်းပါတယ်. . . (တင်ပ့ါ)။

ရဟန္တာဖြစ်ပလားလို့ မေးခိုင်းပါတယ်၊ ကွာ ရဟန္တာ တော့ မဖြစ်သေးဘူးဟေ့. . . (တင်ပ့ါ) ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား) ရဟန္တာဖြစ်ပြီလားလို့မေးတော့ သူဘယ်လို တာဝန်ခံတုံး (မဖြစ်သေးဘူးလို့ တာဝန်ခံပါတယ်ဘုရား)။

ရဟန္တာ မဖြစ်သေးဘူးဆိုတော့ သောတာပန်တင် တည်သေးတာ ငါ၊ ငါ့ဥစ္စာ ပြုတ်ရင် သောတာပန်တည် အပါယ်တံခါးပိတ်တာပဲ ရှိသေးတယ် ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

## ငါ၊ ငါ့ဥစ္စာပြုတ်အောင်လုပ်ကြပါ

သောတာပန်တည်ပြီး အပါယ်တံခါး ပိတ်တာပဲရှိ သေးတယ်နော်. . . (မှန်ပ့ါ) ငါ၊ ငါ့ဥစ္စာပြုတ်တဲ့တန်ခိုးကော သိကြပြီလား (သိပါပြီဘုရား) အေးဒါကြောင့် ယနေ့ တရား စ, စခြင်း၊ ငါ၊ ငါ့ဥစ္စာ ဦးသန်းမောင်တို့၊ ဦးတင်တို့၊ ဦးနက်တို့

ပြုတ်အောင်လုပ်ပါလို့ဆိုတဲ့စကားဟာ မည်မျှလောက် အရေးကြီးလို့ တိုက်တွန်းတာလဲဆိုတာ ပြောဖို့ မလိုတော့ဘူး. . . (မှန်ပါ့)။

အလွန် အရေးကြီးလို့ ဦးသန်းမောင်၊ တိုက်တွန်းတယ်. . . (မှန်လှပါဘုရား) မဆိုထိုက်ဖူးလား. . . (ဆိုထိုက်ပါတယ်ဘုရား)။ ငါ၊ ငါ့ဥစ္စာတော့ ပြုတ်ပါတယ် သို့သော် ငါ ရဟန္တာ မဟုတ်သေးဘူး။

သို့သော်လည်း ကွာတဲ့ ခန္ဓာငါးပါးကို ငါလိုလိုတော့ ထင်တော့ ထင်နေသေးတာပဲကွတဲ့. ငါ၊ ငါ့ဥစ္စာတော့ ပြုတ်တော့ ပြုတ်တယ် သို့သော် ငါလိုလို အထင်လေးတော့ ကျန်နေသေးတယ် (တင်ပါ့) ထင်တယ်။

အဲဒါတွေ နောက်က ဒကာဒကာမတွေကရော။ အရှေ့ပိုင်း ဒကာဒကာမတွေကရော မာန ငါလေး ကျန်သေးတယ်လို့ သူပြောတာ. . . (တင်ပါ့) ဒိဋ္ဌိငါ မရှိဘူး. . . (တင်ပါ့)။

## ခန္ဓာငါးပါးကို ငါလိုလိုထင်သေးတယ်

မာနငါလေး၊ ခန္ဓာငါးပါးကို ငါလိုလိုထင်တဲ့ အထင်လေးတော့ ရှိသေးတယ်ကွ၊ ဒါလေးတစ်လုံးကို သူက အညွန့်လေးတပ်ပေးတယ်၊ ရဟန္တာလည်း မဟုတ်ဘူး၊ ခန္ဓာ

ငါးပါးကို ငါလိုလို ထင်တဲ့အထင်လေးတော့ ရှိသေးတယ်လို့ သွားလျှောက်ချည်။

ဆိုတော့၊ ဒါသက ပြန်ရပြန်တာပေါ့၊ အရှင်ဘုရား ရဟန်ကြီးခြောက်ဆယ် သွားလျှောက်တယ် တပည့်တော် ပြန်ခဲ့ပြီဘုရား၊ ဘယ်နှဲ့များ ဖြေလိုက်တုံးကွ၊ သူက ငါ၊ ငါ့ဥစ္စာ တော့ ပြုတ်တယ်၊ ရဟန္တာ မဟုတ်ဖူးလို့ ပြောလိုက်ပါ တယ်. . . (မှန်ပါ့)။

သူက အနာဂါမ်ရှိသေးတာကိုး၊ သို့သော် ခန္ဓာငါးပါး ကို ငါလိုလို ထင်တာတော့ ရှိသေးတယ်၊ ဒါကြောင့် ငါ့သပိတ် ငါ့သင်္ကန်းဆိုတာလေးတွေတော့ သုံးစွဲနေကြသေးတာပေါ့ နော်. . . (မှန်ပါ့)။

ငါ့သပိတ်၊ ငါ့သင်္ကန်းဆိုတာလေးတော့ ဦးသန်းမောင် ရဟန္တာကအစ သုံးတာပဲ. . . (မှန်ပါ့) ဘာကိစ္စရှိတုံး ဒီအသုံးဟာ ဘာကိစ္စရှိတုံး အထင်ပြုတ်ဖို့သာ အရေးကြီးတယ်ဆိုတာ ပေါ်ကြပလား. . . (ပေါ်ပါပြီ ဘုရား)။

ပေါ်ပြီတဲ့ဒါကြောင့် ခုနက စကားထဲမှာပဲ အင်မတန် အကျိုးတရားအလိုရှိလို့ ဒီ ဒကာ ဒကာမတွေ ပြောခဲ့ပါတယ် ဟော့ ငါ၊ ငါ့ဥစ္စာတော့ ပြုတ်အောင် လုပ်ကြဟော့၊ အပြော တော့ ကိစ္စမရှိဖူးဟော့. . . (မှန်လှပါ) ဆိုတဲ့ဥစ္စာ နဂို

ကတည်းက မူလဘူတကတည်းက သတိပေးခဲ့တယ်ဆိုတာ ရှင်းလောက်ပါပြီနော်. . . (တင်ပ့ါ)။

ဒါနဲ့ ရဟန်းကြီးခြောက်ဆယ်ဆီ ပြန်ရောက်သွားတော့ ဘယ့်နဲ့ပြောလိုက်တုံးကွ၊ ငါ ငါ့ဥစ္စာတော့ မထင်တော့ပါဘူး၊ သို့သော် သူရဟန္တာလည်း မဟုတ်ဘူး၊ ငါ လိုလို အရောင်လေးတော့ ထင်သေးတယ်ကွ။

ခန္ဓာငါးပါးကို ငါလိုလို အထင်လေးတော့ ရှိတယ်၊ ငါဖြစ်သလိုလိုလေးတော့ ကျန်နေသေးတယ်ကွ. . . (မှန်ပ့ါ) ဆိုတော့ မာနငါကျန်တယ်လို့ ပြောလိုက်တယ်။ ရှင်းပလား (ရှင်းပါပြီဘုရား) ဘာတဲ့ (မာန ငါ ကျန်ပါတယ်ဘုရား)။

ငါလိုလို ထင်ရောင်လေးတော့ ကျန်သေးတယ်ကွ ဒိဋ္ဌိ ငါပြုတ်တယ်၊ ဦးသန်းမောင် မာန ငါမပြုတ်သေးဘူး. . (မှန်ပ့ါ) ဒိဋ္ဌိနဲ့ ငါတော့ ပြုတ်ပြီတဲ့၊ မာနငါဆိုတာ ငါ့ဘာ ထင်လို့တုံးဆိုတဲ့ မာန၊ ငါ့တတ်ရောင်ကား မှတ်လို့လား ဆိုတာမျိုးဟာ မာနနော် (မှန်ပ့ါ)။

ငါ့ ခိုကိုးရာမဲ့ မှတ်လို့လား၊ တိုက်နဲ့တာနဲ့ ရွှေနဲ့ စိန်နဲ့ နေတာ ဆိုတာလေးဟာ မာန ငါလေး၊ အဲ ဒိဋ္ဌိ ငါတော့ ငါ့ဥစ္စာ မဟုတ်မှန်းတော့ သိတယ်. . . (မှန်ပ့ါ)။

သို့သော် ဒါလေးအစွဲပြုပြီး မာနလေးရှိတော့ မာန ငါလေး ကျန်သေးတယ်လို့ ဆုံးဖြတ်ချက်ချပါ. . . (မှန်ပ့ါ) ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

ဟော့. . . ဦးအောင်ဇံဝေတို့ ဘာငါလေး ကျန်နေ တုံး. . . (မာန ငါလေး ကျန်နေပါတယ်ဘုရား) ဒိဋ္ဌိ ငါတော့. . . (ပြုတ်ပါပြီဘုရား) ပြုတ်သွားပြီ။

## ဒိဋ္ဌိငါတော့ပြုတ်ပြီ၊ မာနငါကျန်တယ်

ဒါနဲ့ ရဟန်းကြီး ခြောက်ဆယ်က၊ ဩော်. . . သူ ဒိဋ္ဌိတော့ ပြုတ်ပြီလို့ပြောတယ်၊ မာန ငါ ကျန်သေးတယ်လို့ ပြောတယ်ဆိုပြီးသကာလ သူတို့ ခန္ဓာကိုယ်ထဲ တစ်ခါတည်း မာနပြုတ်အောင် ဒိဋ္ဌိငါပြုတ်ပေမဲ့ မာနငါ ကျန်သေးသကိုး ဆိုတာ သူတို့သိပြီး ရှုတာ ရှုတာ သောတာပန် သကဒါဂါမ် တော့ တည်ပြီးသားပေါ့ဗျာ. . . (မှန်ပါ့)။

တည်ပြီးသကာလ နောက်တရား တစ်ပုဒ်နာရ အောင် ဒါသက၊ လွှတ်တယ်၊ ဒါသက လွှတ်ပြန်တယ်။ သွားဦးကွာ ဒါသက အရှင်ဘုရား ဘယ်ပုစ္ဆာ ယူသွားရမှာ တုံးဘုရား၊ အို ဒါယူသွားကွာ ဒီပုစ္ဆာ အရှင်ဘုရား ရုပ်ကို ငါလိုလိုထင်တာလား၊ ရုပ်မှတစ်ပါးကို ငါလိုလို ထင်တာလား မေး၊ ဝေဒနာကို ငါထင်တာလား၊ ဝေဒနာမှတစ်ပါး သောတရားကို ငါလိုလို ထင်တာလား အဲဒါ မေး ခန္ဓာငါးပါး စလုံး ဒီအတိုင်းပဲ. . . (မှန်ပါ့) ရှင်းပလား. . (ရှင်းပါပြီ ဘုရား)။

ဝေဒနာကို ငါထင်တာလား၊ ဝေဒနာမှ တစ်ပါးသော

တရားကို ငါလိုလို ထင်တာလား အဲဒါ မင်းသွားမေးချည်ကွ ဆိုတော့ ဦးတင်သွားရပြန်ပြီ. . . (မှန်ပ့ါ)။

ဘယ်နှစ်ခေါက်ရှိပြီတုံး. . (လေးခေါက်ရှိပါပြီဘုရား) လေးခေါက်ရှိသွားပြီ လေးဂါဝုတ် တစ်ယူဇနာ ပေါက်နေပြီ (မှန်ပ့ါ) အဲဒီကဲ့သို့ သွားလိုက်တော့ ဟ. . . ဒါသက ဇီးတော ကျောင်းက ရှင်ခေမက-က၊ အနာဂါမ် ရှင်ခေမကဆီ ရောက် ပြန်ပြီ မင်းလာရပြန်ပြီလားကွ. . လာရပြန်ပြီဘုရား ရဟန်း ကြီးခြောက်ဆယ်က မေးခိုင်းလိုက်တယ်ဘုရား။

## ဘယ်ဟာကို ငါလိုလိုထင်တာလဲ

ဟ ဘယ့်နှယ်မေးတုံး အရှင်ဘုရား ရဟန္တာမဟုတ် ဘူးဆိုတာ သူတို့ကျေနပ်ပါတယ်။ သို့သော် ငါလိုလို ထင်တာ လေး ရှိသေးတယ်ဆိုတာလေးဟာကို သူတို့ မရှင်းပဲ ဖြစ်နေ တယ်. . . (မှန်ပ့ါ)။

သူတို့က ဒီလိုမေးခိုင်းပါတယ်ဘုရား ရုပ်ကို ငါလိုလို ထင်တာလား၊ ရုပ်မှတစ်ပါးကို ငါလိုလို ထင်တာလား၊ ဝေဒနာကို ငါလိုလို ထင်တာလား၊ ဝေဒနာမှတစ်ပါးကို ငါလိုလို ထင်တာလား စိတ်ကို ငါထင်တာလား စိတ်မှတစ်ပါး ကို ငါလိုလို ထင်တာလားလို့ဆိုတဲ့ ခန္ဓာငါးပါးကို ဒီလိုမေး လိုက်ပါတယ်ဘုရား။

ကွာ မင်းသွားရပြန်ရ လေးခေါက်ရှိပြီ. . . (တင်ပါ့)
သွားရပြန်ရလေးခေါက် မင်းပင်ပန်းလှပြီ. . . (တင်ပါ့)
ကဲကွာ တောင်ဝှေးသာယူခဲ့ ငါ တောင်းဝှေးထောက်ပြီး
မင်းနဲ့အတူသွားပြီ ကိုယ်တိုင် သွားဖြေမယ်။

ဦးသန်းမောင် ကိုယ်တိုင်သွားဖြေမယ်ဆိုပြီးသကာလ တောင်ဝှေးထောက်ပြီး သူတို့ သွားကြတာပေါ့ဗျာ၊ သွားကြတော့ တစ်ဂါဝုတ်ခရီး ရဟန်းကြီး ခြောက်ဆယ်ရှိတဲ့ဆီ ရောက်။

အဲတော့ ရဟန်းကြီး ခြောက်ဆယ်က ဒီအတိုင်း မေးတယ်။ မင်းကွာ သက္ကာယဒိဋ္ဌိပြုတ်တယ်ဆိုတာလည်း တို့ ယုံကြည်ပါတယ်။ ငါ၊ ငါ့ဥစ္စာပြုတ်တယ်။ သို့သော် မင်း ပြောတဲ့ စကားမှာ ရဟန္တာလည်း မဟုတ်ဘူး၊ ရဟန္တာလားလို့ သူမေးတော့ ရဟန္တာမဟုတ်ဖူးလို့ မင်းဖြေတယ်။ ဖြေတာ ကိုလည်း တို့ သဘောကျပါတယ်။

သို့သော် မင်း စကားလေးတစ်ခု ထည့်လိုက်တာက ငါလိုလို ထင်ရောင်လေး ကျန်သေးတယ်လို့ ပြောလိုက်တဲ့ စကားလေးဟာ အဲဒါကြောင့် တို့က ရုပ်ကို ငါလိုလို ထင် တာလား၊ ရုပ်မှတစ်ပါး ငါလိုလို ထင်တာလားဆိုတာ တို့ မေးပါတယ်. . . (မှန်ပါ့)။

ရဟန်းကြီး ခြောက်ဆယ်က မေးလိုက်တယ်. . . (မှန်ပါ့) ဒါ ဦးတင်တို့၊ ဦးသန်းမောင်တို့၊ ဦးနက်တို့ မာန ငါ ကျန်နေတာဆိုတာ ရိပ်မိပလား. . . (ရိပ်မိပါတယ်ဘုရား)။

ဒိဋ္ဌိသာ ပယ်သေးတာ၊ မာနမှ မပယ်နိုင်ပဲကိုး သောတာပန်က. . . (မှန်ပါ့) အဲဒီကဲ့သို့ ပြောတော့ အရှင်ဘုရား တပည့်တော် ဥပမာပြမယ်၊ အရှင်ဘုရားတို့ ဥပမာနဲ့ဆိုရင် နားလည်ပါလိမ့်မယ်. . . (မှန်ပါ့) ဥပမာပြမယ်။

## ပဒုမ္မာကြာပန်း

ပဒုမ္မာကြာပန်းရှိတယ်ဘုရား၊ ပဒုမ္မာကြာပန်းရှိတယ်၊ ပဒုမ္မာ ကြာပန်းကို အရှင်ဘုရားတို့ နှာခေါင်းနားတေ့ကြည့်ပါ။

သင်းသင်းလေးတော့ မွှေးပါလိမ့်မယ်၊ မွှေးတဲ့အခါကျတော့ ဒါ ဝတ်ဆံကမွှေးတာလား၊ အရွက်က မွှေးတာလား၊ ကြာအုံကလေးက မွှေးတာလား၊ ဒီ အဆင်းတွေက မွှေးတာလားလို့ မေးလို့ရှိရင် ကောင်းကောင်းမွန်မွန်ဖြေတဲ့ ပုဂ္ဂိုလ်ဖြစ်ခဲ့လို့ရှိရင်တော့ ကြာကမွှေးတယ်၊ အကုန်က မွှေးတယ်လို့ ပြောရမှာပဲ. . . (မှန်ပါ့)။

သဘောကျပလား. . . (ကျပါတယ်ဘုရား) ကြာတစ်ခုလုံးကမွှေးတာ၊ တစ်ခုထဲက မွှေးတာမှ မဟုတ်ပဲကိုး. .

(မှန်ပါ့) အဲဒီမှာလည်း တပည့်တော်မှာ အားလုံး အပေါင်းကို ပေါင်းလိုက်တဲ့အခါကျတော့ ခန္ဓာငါးပါး ပေါင်းလိုက်တဲ့အခါ ငါလိုလို ထင်တာလေးက ရှိနေသေးတယ်. . . (တင်ပါ့)။

ကြာပွင့်၏ အနံ့လိုပေါ့လေ. . . (မှန်ပါ့) ဒီအပေါ်မှာ မာနလေးရှိနေသေးတယ်၊ ခန္ဓာငါးပါး အပေါင်းကြည့်တဲ့ ကြည့်ပြီးသကာလ ငါလိုလိုထင်တဲ့ အထင်ကလေး ရှိနေပါ သေးတယ်။ ဒါလေး ဖြေလိုက်တော့ ရဟန်းကြီး ခြောက်ဆယ် သြော်. . . ဒီအထင်က အပေါင်းထင်တာပါလား. . . (တင်ပါ့)။

အဲတော့ ငါဆိုတာမျိုးက ဦးတင်လည်းမှတ်၊ ဦးသန်းမောင်လည်းမှတ်၊ ဦးနက်လည်းမှတ် ဒီအပေါင်းကြီး ကြည့်ကြည့်ပြီး ငါလုပ်တာကိုး. . . (မှန်ပါ့)။

ငါ့ ဘာမှတ်လို့ တုန်းဆိုပြီး လက်သီးလက်မောင်း တန်းပြ၊ တစ်ကိုယ်လုံး လှုပ်ပြဟင်. . . (မှန်ပါ့) အပေါင်းထင် တာ. . . (မှန်ပါ့) မာနငါကလေ. . . (မှန်ပါ့) ရှင်းကြလား (ရှင်းပါတယ်ဘုရား)။

အဲတော့ ဘုရားတဲ့ အပေါင်းလို့ထင်ပြီး ဖြစ်တဲ့မာနပါ ဦးတင် မှတ်မိပြီ. . . (မှတ်မိပါတယ်ဘုရား) တင်နုထဲစွဲ ဖြစ်တာလား. . . အပေါင်းစွဲဖြစ်တာလား (အပေါင်းစွဲဖြစ်ပါ တယ်ဘုရား) အပေါင်းစွဲဖြစ်တဲ့ မာနဆိုတဲ့ဥစ္စာ အသေအချာ မှတ်ထားကြပါ. . . ။

နောက်တော့ ဘုရားတဲ့၊ သည် ကြာပန်း၏ ရန့်လေး ကျန်နေတာဟာ အရှင်ဘုရားများ သိသလိုပေါ့တဲ့ မာန နံ့လေး ကျန်နေတာ. . . (ကျန်နေတာပါဘုရား) ကျန်နေ တာ အပေါင်းကို အစွဲပြုပြီး ငါဆိုတဲ့ မာနလေးဟာ ဖြစ်ပေါ် ပေါက်ပြီးသကာလ နေတယ်ဆိုတဲ့ဥစ္စာအရှင်ဘုရားများ သိကြပါပြီ။

သို့သော်လည်း ဘုရားတဲ့ တပည့်တော် ဒီလိုပြပ့ါ မယ်တဲ့ အဝတ်တစ်ထည်ကို ပိုးလုံချည်ဖြစ်စေ၊ ဇန်ကောက် လုံချည်ဖြစ်စေ၊ ဖဲ လုံချည်ဖြစ်စေ အရှင်ဘုရားတို့ လျှော်ဖို့ ဒိုဘီပေးလိုက်ပါ။ ဒီလိုဒိုဘီပေးတော့ အဝတ်တော့ ပြောင်စင် ပြီးသကာလချောမွေ့လာမှာပါပဲ။

သို့သော် သူတို့ထည့်လိုက်တာ ဆပ်ပြာနံ့တွေကတော့ ဒီအထဲ မပါဘူးလို့ ဆိုလို့မရဘူး. . . (တင်ပ့ါ) ဆပ်ပြာနံ့က တော့ မပါပေဘူးလား. . . (ပါပါတယ်ဘုရား) ပုဆိုး ပြန်အပ် ငြားသော်လည်း. . . (မှန်လှပါ)။

## အမွေးအကြိုင်သေတ္တာ

အဲတော့ကိုတဲ့ အထည်ပိုင်ရှင်ကနေပြီး သူ့ အမွှေး အကြိုင်ရှိတဲ့ သေတ္တာထဲ ထည့်လိုက်တဲ့အခါကျတော့ ကိုတဲ့၊ ဒီအနံ့ဟာ ဒိုဘီ ပေးငြားသော်လည်း အနံ့နဲ့တကွ မကောင်း

တဲ့ အနံ့တွေ ဆပ်ပြာနံ့တွေ ပါပြီး ချေးညှော်တော့ ကျွတ်ပါရဲ့ ဆပ်ပြာနံ့တွေက ပိုးလာပြန်တယ်။ ဆင့်လာ ပြန်တယ်ဆိုတာကို ရှိနေတော့ အိမ်ရှင်က ဒီအတိုင်းဝတ်လို့ မဖြစ်တော့၊ အမွှေးအကြိုင်ထည့်တဲ့ သေတ္တာထဲထည့်ပြီး တစ်ရက်နှစ်ရက်နေမှ ကောက်ဝတ်တော့ ဒီ အနံ့ပါသေးရဲ့လား. . . (မပါတော့ပါဘူးဘုရား)။

မပါတော့ ပျောက်သွားတယ်. . . (တင်ပ့ါ) ထို့အတူပဲတဲ့ အဲဒီ ငါလိုလိုထင်တဲ့ အထင်အနံ့လေးဟာ မာန နံ့လေးပေါ့ (တင်ပ့ါ) ဖြစ်ပျက်ပြန်ရှုလိုက်စမ်းပါ. . . (မှန်ပ့ါ) ပေါ်ပလား (ပေါ်ပါပြီဘုရား)။

## ဖြစ်ပျက်ပြန်ရှုလိုက်စမ်းပါ

ဘာလုပ်ရမယ်. . . (ဖြစ်ပျက်ပြန်ရှုရမှာပါဘုရား) ဖြစ်ပျက်ပြန်ရှုပြီးသကာလ၊ အရင်အတိုင်းပဲတဲ့ သစ္စာမြင်ပြီးသကာလ သစ္စာ မုန်းပြီး ဒီဒုက္ခသစ္စာဆုံးအောင် လုပ်လိုက်တဲ့အခါကျတော့ ဘုရားတဲ့၊ ခုနက အရဟတ္တမဂ် အရဟတ္တဖိုလ် သေတ္တာထဲ ရောက်သွားတယ်. . . (တင်ပ့ါ)။

ပုဆိုးလေးဟာလေ. . . (တင်ပ့ါ) အဲတော့ ခုနက မာနအနံ့ကလေးနဲ့ တူတဲ့ ဆပ်ပြာနံ့လေးဟာ ရှိသေးရဲ့လား (မရှိတော့ပါဘူးဘုရား) အဲဒီကျမှ ပြောင်မယ်ဘုရား (တင်ပ့ါ)

ခုတော့ မာန အနံ့က ရှိနေတယ်။ ဆိုတော့ ရဟန်းကြီးခြောက် ဆယ်ကလည်း ဟုတ်သားပဲ ဆိုပြီးသကာလ သူတို့ ဦးသန်းမောင် ဖြစ်ပျက် ပြန်ရှုပြန်တယ်. . . (မှန်ပါ့)။

ဖြစ်ပျက်ပြန်ရှု၊ ဖြစ်ပျက်မုန်းအောင်ရှု၊ ဖြစ်ပျက်ဆုံးအောင်ရှု မောင်ချစ်ဆွေ. . . (မှန်ပါ့) နာရင်းရှုတာနော်. . . (မှန်ပါ) ရှုလိုက်တဲ့အခါ သူတို့လည် ခရီးပေါက်တယ်. . (မှန်ပါ့)

ခရီးပေါက်ပြီးသကာလ သွားတော့မှ အဲတာဘုရားတဲ့ အရှင်ဘုရားတို့ အရဟတ္တမဂ်၊ အရဟတ္တဖိုလ် တည်းဟူသော ပခြုပ်ဖာ သေတ္တာထဲ ထည့်လိုက်တဲ့အတွက် ဒီမာနဟာ ပြုတ်ပါတယ်. . . (မှန်ပါ) ဆိုတော့ အတော်အဟောကောင်းတဲ့ ကိုယ်တော်ပေါ့. . (တင်ပါ့)။

မာန ပြုတ်ချင်ရင် ဒီလိုလုပ်ဆိုတာကို ဟောတယ်. . . (တင်ပါ့ဘုရား)၊ သောတာပန်၊ သကဒါဂါမ် တည်နေလို့ရှိရင် မာန ငါလေးဟာ ကျန်ကျန်နေသေးတယ်၊ ဒီသူ ဖြုတ်ချင်လို့ရှိရင်ဖြင့် ဖြစ်ပျက်ပြန်ရှုပြီးသကာလ၊ အလုပ်လုပ်ပါဆိုတော့ ဒီပေးတဲ့ဥပမာနဲ့ သူပြုတ့ယ်နော်. . . (မှန်လှပါ)။

သူ့စာအတိုင်းနော်. . . (မှန်ပါ့) မြတ်စွာဘုရား ဟောတော်မူတဲ့ မြတ်စွာဘုရားလက်ထက်က ဟောတော်မူတဲ့ ဝတ္ထုသာသနာဝင် ကျမ်းပေါ့ဗျာ. . . (မှန်ပါ့ဘုရား)။ ခန္ဓဝဂ္ဂသံယုတ် ထေရဝဂ်မှာ ပါပါတယ်. . . (မှန်ပါ့)။

အဲ့လို ရှုလိုက်တဲ့အခါကျတော့၊ ရဟန်းကြီးခြောက်ဆယ်လည်း သူကလည်း ငါ့မယ်မာနငါကျန်သေးတယ်ဆိုပြီး သကာလ ဖြစ်ပျက်ပြန်ကောက်တယ်. . . (တင်ပ့ါ)။

## ဟောတဲ့ပုဂ္ဂိုလ်လည်း ရဟန္တာဖြစ်တယ်

ရှင်ခေမက ကလည်း ဖြစ်ပျက်ပြန်ကောက်ပြီး ဖြစ်ပျက်မြင်။ ဖြစ်ပျက်မုန်း၊ ဦးအောင်ဇံဝေ ဖြစ်ပျက်ဆုံးအောင် လုပ်လိုက်တော့ သူလည်း ရဟန္တာဖြစ်တယ်. . . (မှန်ပ့ါ)။

သူ ဒီအချိန်မှာ ဖြစ်တာပဲလို့ မောင်ချစ်ဆွေက မှတ်. . . (မှန်လှပါ) ဟို ကိုယ်တော်တွေကလည်း ဒီလို လုပ်မှ ဖြစ်တယ်လို့ ပြောသံကြားတာနဲ့ ဒီလိုလုပ်ပြန်တာပဲ. . (တင်ပ့ါ)။

## နာတဲ့ပုဂ္ဂိုလ်လည်း ရဟန္တာဖြစ်တယ်

ဖြစ်ပျက်ပြန်ကောက်ပြီး ဖြစ်ပျက်မုန်းအောင်ရှုပြီး ဖြစ်ပျက်ဆုံးအောင်ရှုလိုက်တာပဲ ရှုလိုက်တော့ တရားလည်း အဆုံး ဦးသန်းမောင်ရေ ဟောတဲ့ပုဂ္ဂိုလ်ရော ရဟန္တာဖြစ် (မှန်ပ့ါ) နာတဲ့ ရဟန်းခြောက်ဆယ်လည်း. . . (ရဟန္တာဖြစ်ပါတယ်ဘုရား) ရဟန္တာဖြစ်ဆိုတော့ သူတို့ကလည်း ဟောရင်း ကိုယ့်ကိုယ်ကို ရှုဟောတယ်. . . (မှန်ပ့ါ)။

နာတဲ့ ပုဂ္ဂိုလ်ကရော. . . (နာရင်း သူကိုယ်သူ ရှုပါတယ်ဘုရား) နာရင်း သူ့ကိုယ်သူ ရှု၊ နာတဲ့အတွက်တဲ့ ဘုန်းကြီးတို့ တစ်ခါထဲ ရဟန္တာဖြစ်တယ်ဆိုတာရော သဘောကျပလား. . . (ကျပါတယ်ဘုရား)။

## တရားနာနည်း၊ တရားဟောနည်း

အဲတော့ဒါ အသေအချာစဉ်းစားတော့ တရားနာနည်းကို နည်းပေးတယ်၊ တရားဟောနည်းကို နည်းပေးတယ် ဆိုလို့ရှိရင်လည်း မှန်တာပဲ (မှန်ပါတယ်ဘုရား)။ နော်. . . (မှန်ပါ့)။

တနည်းအားဖြင့်လည်း သြော် ငါ၊ ငါ့ဥစ္စာဖြုတ်မှ သောတာပန် တည်ပါလားဆိုတာလည်း ပေါ်သွားတယ်. . (မှန်ပါ့ဘုရား) ဟုတ်လား၊ မာနငါလည်း ကျန်နေတဲ့ဥစ္စာကိုလည်း အရဟတ္တမဂ် အရဟတ္တဖိုလ်ကမှ ပယ်နိုင်ပါလား ဆိုတာလည်း ပေါ်သွားတယ့် (မှန်ပါဘုရား)။

မပေါ်သေးဘူးလား. . . (ပေါ်ပါပြီဘုရား) ရှင်းကြလာ. . . (ရှင်းပါပြီဘုရား)။

ကဲ. . . ယနေ့ ဒီတွင် တော်ကြစို့

သာဓု . . . သာဓု . . . သာဓု . . .

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ဟောကြားသောတရားတော်

# အပါယ်တံခါးပိတ်နည်း

## (ကာယာနုပဿနာ)

(၁၀-၁၂-၅၈)

အစချိလိုက်တာကတော့ဖြင့် ဒုက္ခသစ္စာချိလိုက်တာပါပဲ၊ သို့သော် ဒီ ဒုက္ခကို ဘယ်ကနေ သိမ်းရမယ်ဆိုတာကို နိဂုံးချုပ်လိုက်တော့ ရုပ်နာမ်ရောက်လာတယ်။

ရုပ်နာမ်ဆုံးမှ ဒုက္ခဆုံးမယ်၊ ရုပ်နာမ်ဘာသစ္စာ (ဒုက္ခသစ္စာ)။

## ရုပ်နာမ်ဆုံးရင် နိဗ္ဗာန်

အဲသူညာဏ်ထဲမှာ ဆုံးသွားလို့ရှိရင် ကျုပ်တို့ ဘယ်များရောက်သွားမလဲ (နိဗ္ဗာန်ရောက်ပါတယ်) အဲ သူဆုံးအောင်လုပ်ရမယ်၊ ရှင်းပလား. . . (ရှင်းပါပြီ) ဘာလုပ်ကြရမယ် (သူဆုံးအောင်လုပ်ရမယ်) ရုပ်နာမ်၊ ဆုံးအောင်လုပ်ရမယ်၊

ဒါဖြင့် ရုပ်ဆုံးရင်. . . (နိဗ္ဗာန်ပါ) နိဗ္ဗာန် နာမ်ဆုံးရင်. . . (နိဗ္ဗာန်ပါ)။

အဲဒီတော့ ရုပ်ဆုံးရင်၊ နာမ်ပါရောဆုံးတယ်၊ နာမ်ဆုံးတော့ ဘာခေါ်ကြမယ်. . . (နိဗ္ဗာန်ပါဘုရား)။

## နိဗ္ဗာန်ဘယ်မှာရှိသလဲ

အေး ဒါကြောင့် နိဗ္ဗာန်တစ်လံမျှလောက်သော ရုပ်နာမ်အဆုံးမှာ ရှိတယ်၊ နိဗ္ဗာန်ဘယ်မှာရှိပါလိမ့်. . . (တစ်လံမျှလောက်သော ရုပ်နာမ်အဆုံးမှာပါ)။

တစ်လံမျှလောက်သော ရုပ်နာမ်အဆုံးမှာရှိတယ်၊ ကိုယ့်အလံနှင့် ကိုယ်လံရင်တစ်လံပဲရှိတယ်၊ အဲဒီအဆုံးမှာ နိဗ္ဗာန်ရှိတယ်ကွ၊ သဘောပါပလား. . . (ပါပါပြီ)။

ကိုင်းဒါဖြင့် ဒကာ ဒကာမတို့ ရုပ်နာမ်တစ်ခုခု ဆုံးအောင် လုပ်ကြပါစို့လို့ ဟောရတော့မှာပဲ။ ဒကာဒကာမတို့ ရုပ်နာမ်တစ်ခုခုဆုံးအောင် လိုက်ကြပါစို့။

ဒီအဓိပ္ပါယ်များ သိရတာ ဒကာ ဒကာမတို့ အလွန်ဘုန်းရှင်၊ ကံရှင်၊ ပါရမီရှင်တွေမို့ ကြားရတာနော်။ နို့မို့ ကြားရဖို့ အတော်ခဲယဉ်းပါတယ်။ အင်မတန် ခဲယဉ်းပါတယ်၊ အင်မတန်ခဲယဉ်းပါတယ်။

ကိုင်းဒါဖြင့် ဒကာ ဒကာမတို့ အဆုံးလိုက်ကြပါစို့ ဆိုတော့ ရုပ်တစ်ခုကို ဥပမာမယ်၊ ရုပ်ကိုပဲ ဒကာ ဒကာမတွေ လိုက်ချင်လို့ရှိရင်လဲ ရတာပဲ၊ နာမ်ကိုဟောချင်လည်း ရတာပဲ ကြိုက်တာသာရှုကြနော်၊

## ကိုယ်နဲ့သင့်မှာသာရှု

ရုပ်ရှုချင်တဲ့ ပုဂ္ဂိုလ်ရုပ်ရှု၊ နာမ်ရှုချင်တဲ့ပုဂ္ဂိုလ်. . . (နာမ်ရှုပါ)၊ သို့သော် ဘုန်းကြီးကတော့ဖြင့် ဆေးသမားသဖွယ် ပဲ အကုန်ပေးမှာပဲ၊ ခင်ဗျားတို့ကြိုက်တဲ့၊ ကိုယ်နဲ့သင့်မှာသာ စားပါ၊ ရှင်းပလား (ရှင်းပါပြီ)။

ဝေဒနာချင်းကမတူကြဘူး၊ တချို့ကရုပ်မှ ဖြစ်ပျက် ရှင်းတယ်၊ တချို့က နာမ်မှဖြစ်ပျက်ရှင်းတယ်၊ ဒီလိုမရှိပေ ဘူးလား. . . (ရှိပါတယ်) တချို့လည်း ပေါ်တာလေးတွေ လိုက်လို့ရှင်းပါတယ်၊ အဲဒီတော့ ကိုဘုန်းကြီးကတော့ဖြင့် ဆေးသမားသဖွယ်ဖြစ်နေတော့ အားလုံး ဒကာဒကာမတွေ ကို အကုန်ပြတာပဲ။

ကြိုက်တာရှုကြ၊ ကြိုက်တာရှုပေါ့။

## ဝါယောဆိုတာလေဓါတ်

ကိုင်း ဒကာ ဒကာမတို့ ဝါယောဓါတ်ဆိုတာ ရှိတယ်

ဝါယောဓါတ်ဆိုတာ လေဓါတ်၊ လေဆိုတာ လှုပ်တာလဲရှိတယ်၊ ငြိမ်တာလဲရှိတယ်။

ရပ်ပြီးနေတဲ့အချိန်များ၊ ရပ်ပြီးနေတဲ့အချိန်မှာ ဒကာဒကာမတို့ ဒါထောက်ကန်ထားတဲ့ ဝါယော။

## လှုပ်ရှားတဲ့ဝါယော

နည်းနည်းလေး လှုပ်လိုက်လို့ရှိရင်၊ လှုပ်ရှားတဲ့ ဝါယော၊ ရပ်နေတဲ့အခါ၊ တောင့်နေတဲ့အခါ (ထောက်ကန်ထားတဲ့ဝါယော) လှုပ်လိုက်တဲ့အခါ (လှုပ်ရှားတဲ့ဝါယော)။

အဲ. . . လှုပ်တဲ့လေသည်၊ ဒကာ ဒကာမတို့ ထောက်ကန်တဲ့သဘော မရောက်နိုင်ဘူး၊ (မှန်ပါ့) ထောက်ကန်တဲ့လေသည် လှုပ်တဲ့ဆီ (မရောက်နိုင်ပါ) သဘောကျသလား. . . (ကျပါပြီ)။

## ဓါတ်ကြီးလေးပါး

ကိုင်း ဒါဖြင့် ဒကာ ဒကာမတို့ ခန္ဓာကိုယ်ကြီးသည်ဘာလို့ဆိုလို့ရှိရင်ဖြင့် ပထဝီဓါတ်ကြီး၊ တေဇောဓါတ်ကြီး၊ အာပေါဓါတ်ကြီး၊ ဝါယောဓါတ်ကြီးလို့ သတိပဋ္ဌာန်ထဲမှာလာပါတယ်။

အဲဒီတော့ ဒီဝါယောခါတ်တစ်ခုကိုပဲ ဒီနေ့ဟောပါ့မယ်၊ ဝါယောခါတ်ဖြစ်တယ်ဆိုတော့ သူနဲ့အတူခါတ်သုံးပါကလည်း ရောဖြစ်တယ်။ သူမှီနေတဲ့ ဥပါဒါန်ရုပ်တွေလည်း ရောဖြစ်တယ်။

ဒီတော့ အကုန်ပါသွားတာပဲ တစ်ခုဖြစ်ရင် အကုန်ပါတယ်၊ သဘောကျပလား (ကျပါပြီ)။

ကောင်းပြီဒါဖြင့် ဒီဝါယောခါတ်ကလေးတစ်လုံးကို ခင်ဗျားတို့ လမ်းသွားရင်းလည်း ရှုတတ်အောင် ရပ်နေရင်းလည်း ရှုတတ်အောင်သင်ပေးပါ့မယ်။

## ထောက်ကန်တဲ့ဝါယော

ကဲဒါဖြင့် ဒကာ ဒကာမတို့ ခြေထောက်ကလေး လှမ်းတဲ့အခါကျလို့ရှိရင် ရှေ့လှမ်းတဲ့အခါမှာ အင်း. . . လှုပ်တဲ့ဝါယောဖြစ်တယ်၊ ဖျတ်ဆို မြေကြီးပေါ်လည်း ကျပါရော (ထောက်ကန်တဲ့ဝါယောဖြစ်) ထောက်ကန်တဲ့ဝါယော။

ဩော်၊ ဒါဖြင့် ဒီခြေထောက်ကလေးမှာပဲ၊ နဂိုတုန်းက လှုပ်တဲ့ဝါယောတွေ ရှိတယ်၊ ဖျတ်ဆိုပြီး. . . အောက်မြေကြီးနဲ့လည်း ထိပါရော၊ လှုပ်တဲ့ဝါယောခါတ်တစ်တို၊ တစ်ထောင့်မှ ရှာလို့မတွေ့ဘူး။

## လှုပ်တဲ့ ဝါယောက ထောက်ကန်တဲ့ဝါယော ပြောင်းတယ်

အင်း ထောက်ကန်တဲ့ဝါယောနဲ့ပဲ နေရတယ်၊ သဘောကျပလား (ကျပါပြီ) အင်း. . . ဒါခြေထောက်ကလေးကပဲ ဒကာ ဒကာမတို့ ဒီဝါယောဓါတ်သည် ကားလို့ ဆိုရင်ဖြင့်၊ ခဏကလေးပဲ နှစ်ခုပြောင်းသွားတယ်၊ လှုပ်တဲ့ ဝါယောကနေ ထောက်ကန်သို့ မပြောင်းဘူးလား (ပြောင်းပါတယ်)။

ပြောင်းသွားပြီဆိုတော့ အရင်ဟာပျောက်ပြီ၊ နောက်ဟာ ပေါ်တယ်၊ ရိပ်မိပလား (ရိပ်မိပါပြီ)။

ဒါဖြင့် ဒီဝါယောဓါတ်သည်ကားလို့ဆိုရင်ဖြင့် ဖြစ်ပြီးပျက်တာပဲ (မှန်ပါ့) လှုပ်တဲ့ ဝါယောဓါတ်သည်. . . (ဖြစ်ပြီးပျက်ပါတယ်) အခုဘာနဲ့ အသက်ရှင်နေသလဲလို့ မေးတော့ (ထောက်ကန်တဲ့ဝါယောနဲ့ပါ) ထောက်ကန်ဝါယောနဲ့ ဒကာ ဒကာမတို့ ရပ်နေတော့တယ်၊ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်)။

## လမ်းလျှောက်တယ်

အဲ. . . ဒီထောက်ကန်ဝါယောနဲ့နေတဲ့အချိန်၊ ဒကာ ဒကာမတွေက ဒီနေရာလေး ရပ်နေမပြီးသေးဘူးဆိုပြီး

သကာလ၊ မပြီးသေးတော့ လျှောက်ဦးမှတော်မယ်။

လျှောက်ဦးမှတော်မယ်ဆိုတဲ့စိတ်ကလေးပေါ်လာတယ်၊ အဲဒီစိတ်ကနေပြီး တစ်ခါတည်း ဝါယောထပ်လှုပ်လိုက်တာ၊ လှုပ်တဲ့ဝါယော ပြန်ဖြစ်တယ်၊ သဘောကျပလား (ကျပါပြီ)။

## လှုပ်ရှားအနိစ္စ

လှုပ်တဲ့ဝါယောက ခန္ဓာကိုယ်ထဲမှာပြန်ဖြစ်တယ်ဆိုတာ သဘောကျပလား (ကျပါပြီ) ဒါဖြင့် ခုနက ရပ်နေတုန်းက ဝါယောတွေဟာ ဒီအတွင်းမှာပဲ ပျောက်ထွက်တယ်၊ မပျောက်ဘူးလား. . . (ပျောက်ပါတယ်)။

## ထောက်ကန်အနိစ္စ

ဖြစ်ပြီးမပျက်လား. . . (ပျက်ပါတယ်) ဒါဖြင့် သူလည်း အနိစ္စ (မှန်ပါ့) ခုနဟာက လှုပ်ရှား အနိစ္စ၊ အခုဒုတိယအပျက်ကျတော့ ထောက်ကန်အနိစ္စ၊ ဒီလိုမနေဘူးလား. . . နေပါတယ်။

ဒါဖြင့် ဒကာဒကာမတို့ ဒီဝါယောဟာ တစ်ကိုယ်လုံးပဲ (မှန်ပါ့) လှုပ်တုန်းကလည်း တစ်ကိုယ်လုံး၊ ငြိမ်တော့ကော (တစ်ကိုယ်လုံးပါဘုရား)။

ပြန်လှုပ်ပြန်တော့ကော. . . (တစ်ကိုယ်လုံးပါ) ဩော် ဒါဖြင့် ဒီခန္ဓာကိုယ်ကြီးဟာ ဒီလိုသာ ယူကြပေတော့ (မှန်ပါ့)။

သံပုန်းကြီးရေအပြည့်ထည့်၊ သဘောကျပလား. . . (ကျပါပြီ) သံပုန်းကြီး ရေအပြည့်ထည့်ပြီး ကိုယ့်ဘက်စောင်းလိုက်၊ အပေါ်ရေတင်စောင်းသလား အောက်ရေပါစောင်းသလား. . . (အောက်ရေပါစောင်းပါတယ်ဘုရား)။

ပြန်တည့်လိုက်တော့ အပေါ်ရေတင်တည့်သလား၊ အောက်ရေပါတည့်သလား. . . (အောက်ရေပါတည့်ပါတယ်ဘုရား) အဲဒီအတိုင်း ယူရမယ်။ ရိပ်မိပလား (ရိပ်မိပါပြီ)။

## တစ်ကိုယ်လုံးဖြစ်လိုက်ပျောက်လိုက်

အဲဒီအတိုင်း ယူလိုက်တော့ ဩော်. . . တစ်ကိုယ်လုံး ပျက်ပါလား၊ ဖြစ်နေတာလည်း တစ်ကိုယ်လုံး လှုပ်ပြီး၊ တစ်ကိုယ်လုံး ပျောက်တာပဲ။

ထောက်ကန်တယ်ဆိုတော့လည်း တစ်ကိုယ်လုံး ထောက်ကန်ပြီးသကာလ၊ လှုပ်လာတယ်ဆိုတော့လည်း တစ်ကိုယ်လုံး ထောက်ကန်ပြီး တစ်ကိုယ်လုံး ပျောက်တာပဲ မပျောက်ဘူးလား ပျောက်သလား (ပျောက်ပါတယ်)။

လှုပ်ရှားကော. . . (ပျောက်ပါတယ်) အဲဒီကဲ့သို့

ပျောက်ကြတော့၊ ဒီပျောက်ပျက်တာလေးတွေ ကြည့်ပြီး နေတော့၊ သေပြန်ပြီ၊ သေပြန်ပြီ၊ သေပြန်ပြီ၊ ချည့်လာမှာပဲ ဒီပြင်ဘာလာစရာရှိသေးလဲ (ဘာမှမရှိပါဘူး)။

သေပြန်ပြီ၊ သေပြန်ပြီ၊ သေပြန်ပြီပဲ လာမှာပဲ၊ သဘောကျကြပလား. . . (ကျပါပြီ)။

အင်း ဒါဖြင့် ဒကာ ဒကာမတို့ အထိမခံ၊ ကြွေ ပန်းကန်ဖြစ်နေတယ်၊ လှုပ်တာသည်၊ ထောက်ကန်တဲ့ ဆီ မလိုက်ဘူး၊ ထောက်ကန်တာက (လှုပ်တဲ့ဆီမလိုက်ဘူး)။

လှုပ်တာသည် (ထောက်ကန်တဲ့ဆီမလိုက်ပါ) ထောက်ကန်တာသည်. . . (လှုပ်တဲ့ဆီမလိုက်ပါ)။ အင်း ဒကာဒကာမတို့မှာလည်း ခန္ဓာကိုယ်ကြီးကဖြင့် ဒီအတိုင်း နေတာပဲ (မှန်ပါ့) ပြောင်းလဲနေတာပဲ. . . (မှန်ပါ့)။

ထောက်ကန်လိုက်၊ လှုပ်ရှားလိုက်၊ လှုပ်ရှားလိုက် ထောက်ကန်လိုက် ထောက်ကန်လိုက် လှုပ်ရှားလိုက်၊ လှုပ်ရှားလိုက် ထောက်ကန်လိုက်၊ ဒကာ ဒကာမတို့ ဒီပြင် ဘာများရှိသေးသလဲ (မရှိပါဘုရား)။

အင်း. . . ဒါပဲပြောင်းလဲနေတာပဲ အင်း ဒါဖြင့် တစ်သေတည်းသေ၊ ဖြစ်ပျက်ချည်းရှိတာပေါ့ (မှန်ပါ့) ဝါယော ဖြစ်ပျက်၊ ဒီသဘောမနေဘူးလား၊ (နေပါတယ်)။

## ဖြစ်ပျက်တွေဉာဏ်နဲ့မြင်အောင်ရှု

အဲဒီတော့ အဲဒီဖြစ်ပျက်တွေမြင်အောင်ရှုနေပါ (မှန်ပါ့) ဉာဏ်နဲ့မြင်နေရင် ပြီးတာပဲ၊ ယောဂ်မရှိဘူး၊ ယောဂ်မရှိဘူး၊ သိနေရင်ပြီးတာပဲ။

အဲဒီဖြစ်ပျက်တွေကို မြင်ပါများလာရင် ဒကာဒကာမတို့ မုန်းလိမ့်ဦးမယ်၊ မမုန်းပေဘူးလား (မုန်းပါတယ်)။

ဘယ်သူမုန်းမှာတုံး. . . (ဖြစ်ပျက်မုန်းမှာပါ)၊ ဖြစ်ပျက်မုန်းတာ၊ နဂိုက ငါထင်နေတာကြီး မုန်းပြမှာ (မှန်ပါ့)။

နဂိုက ငါ့မထိနဲ့ဆိုတော့ အမယ်. . . ဒါကြီးက ရွှေကိုယ်တော်ဖြစ်နေတာ၊ ငါ့မထိနဲ့ဆိုတော့ ရွှေကိုယ်တော်ဖြစ်နေတာ၊ အခုတော့ဖြင့် ရွှေကိုယ်တော်ဟုတ်သေးရဲ့လား (မဟုတ်ပါဘူး)။

## အနိစ္စသက်သက်

ရွှေကိုယ်တော်မဟုတ်တော့ပါဘူး ဒကာကြွယ်တို့ရဲ့ ယောဂ်. . . အနိစ္စသက်သက်ဖြစ်သွားပြီ၊ သဘောကျပလား (ကျပါပြီ)၊ အနိစ္စသက်သက်ပဲ။

အနိစ္စသက်သက်ဖြစ်သွားတော့ ယောဂ်. . . ဒီဘက်ရွှေ့လိုက်လည်း အနိစ္စသက်သက်၊ ဟိုဘက်ကပါလာတာလည်း (အနိစ္စသက်သက်ပါ)။

အနိစ္စသက်သက်ချည်းဖြစ်နေတဲ့အခါကျလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ အနိစ္စချည်းကြည့်ပါများရင်၊ အနိစ္စမုန်းတဲ့ဉာဏ်လာရမယ်၊ မလာရဘူးလား. . . (လာရမယ်ဘုရား)။

ဒါ စကားတစ်လုံးတည်းနော်၊ အနိစ္စချည်းကြည့်ပါများရင် နောက်ဘာဉာဏ်လိုက်လာမယ်. . . (အနိစ္စမုန်းတဲ့ဉာဏ်ပါဘုရား) အနိစ္စမုန်းတဲ့ဉာဏ်လိုက်လာလိမ့်မယ်၊ သဘောပါပလား. . . (ပါပါပြီ)။

အဲဒီတော့ ဒကာ ဒကာမတွေသည်ကားလို့ဆိုရင် မျက်လုံးမှိတ်ကြည့်တဲ့အခါကျတော့ ဒွါရပေါက်လေးတွေက ဖျတ်ဖျတ်၊ ဖျတ်ဖျတ်နဲ့ ခဏခဏနေပြီး၊ အမြင်က အခုသာ အစွဲပြတာကိုးဗျ။

ဩော်. . . ဒီအမြင်က အစိပ်တွေမြင်လာလိမ့်မယ်၊ သဘောကျပလား (ကျပါပြီ) အဲဒီလိုနဲ့ အစိပ်တွေ မြင်လာလို့ရှိရင်ဖြင့် မြင်ရာကနေမုန်း၊ မုန်းရာကနေပြီးသကာလ၊ ဩော်. . . ခဏခဏသေတဲ့၊ အသေကြီးဖြင့် သူနဲ့ မနေရရင်ကောင်းမှာပဲ။ (မှန်ပါ့) ဒီရုပ်တွေ ခန္ဓာတွေနဲ့ မနေရရင်တော့ (ကောင်းမှာပါဘုရား)။

## မလိုချင်တဲ့ဉာဏ်

အဲဒီကောင်းမှာပဲဆိုတာ မလိုချင်တဲ့ဉာဏ်၊ မလိုချင်တဲ့ဉာဏ်ဟာ မဂ်ဉာဏ်ပဲ (မှန်လှပါဘုရား)။

ဒီအမြင်ကြီးဟာ အသေဘက်တက်သွားတယ်ဆိုတာ ဒုက္ခပိုင်းခြားချလိုက်တာ၊ အသေသက်သက်ခံရပြီလို့ ပိုင်းခြားလိုက်တာ ဘာတုံး. . . (ဒုက္ခပိုင်းခြားလိုက်တာပါ)။

အပိုင်းအခြားခံလိုက်ရတာ ဒုက္ခသစ္စာ၊ ပိုင်းခြားလိုက်တာ. . . (ဒုက္ခသစ္စာ) အသေသက်သက်သာရှိတယ်လို့ ပိုင်းခြားခံရတာကြီးဟာ ပျောက်သွားတယ်၊ သဘောကျပလား (ကျပါပြီ)။

## နိဗ္ဗာန်ကပေါ်လာတယ်

အပိုင်းအခြားမခံရတာက ပေါ်လာတယ်။ နိဗ္ဗာန်ကပေါ်လာတယ်။ အပိုင်းအခြားခံရတာက ဒုက္ခသစ္စာ၊ အေး. . သူကဘာသစ္စာလဲ။ ပျောက်သွားပြီ သူနေရာဘယ်သူအစားထိုးလဲ. . . နိဗ္ဗာန်အစားထိုးလာတယ်။

နိဗ္ဗာန်အစားထိုးလာတယ်ဆိုတာကတော့ ဒုက္ခတွေပျောက်ပြီး၊ ဒုက္ခတွေမရှိတာသိလာတာပါ။

ဒါဖြင့် ဒုက္ခတွေမရှိတာက ဘာသစ္စာ. . . (နိရောဓ သစ္စာပါ) မြင်တာက (မဂ္ဂသစ္စာပါ) သဘောကျပလား. . . (ကျပါပြီ)။

စိတ်ကြောင့် ဝါယောဖြစ်တယ်၊ စိတ်ကအကြောင်း ဝါယောကအကျိုး၊ အဲဒီတော့ ဝါယောပျက်သွားတဲ့အခါ ကျတော့ ဝါယောကို မလိုချင်တော့ဘူးဆိုသဖြင့် အားထုတ်တဲ့ စိတ်ကလည်း မလိုချင်မလုပ်တော့ပါဘူး ဖြစ်သွားတယ် ရှင်းပလား. . . (ရှင်းပါပြီ)။

ဒါဖြင့် ဒကာ ဒကာမတို့ ဖြစ်ပျက်က ဘာသစ္စာ၊ (ဒုက္ခသစ္စာ) မြင်တာက. . . (မဂ္ဂသစ္စာ) အဲ. . . ဖြစ်ပျက် အဆုံးက. . . (နိရောဓသစ္စာ) သဘောကျပလား. . . (ကျပါပြီ)။

ဖြစ်ပျက်မြင်တဲ့ဉာဏ်နောက်၊ ကိလေသာ မလာတာ က အကြောင်းအကျိုးတွေ ချုပ်တာ ရိပ်မိပလား. . . (ရိပ်မိပါပြီ)

ကဲ. . . ယနေ့ဒီတွင်တော်ကြစို့

သာဓု . . . သာဓု . . . သာဓု . . .